ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (28-2-2008) (၅၆၀၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission (NDRC) မှ Director General Mr.Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission (NDRC) မှ Director General Mr.Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ NDRC မှ Director General Mr.Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror ပြည်သူလူထုအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် နှံ့စပ်သိမြင် လက်ခံနေကြပြီးဖြစ်

ဖေဖော်ဝါရီလ ၁၉ရက်နေ့မှာ ရေးဆွဲအတည်ပြုပြီးစီးခဲ့တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ အနာဂတ်နိုင်ငံတော်အတွက် ကာလဒေသအခြေအနေအရ အကောင်းဆုံးအုတ်မြစ်ပဲဆိုတာ ပြည်သူတစ်ရပ်လုံးက လက်ခံယုံကြည်ထားကြပြီးဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံခဲ့တဲ့မူတွေနဲ့ အသေးစိတ်အခြေခံထားတဲ့ မူတွေကိုလည်း အမျိုးသားညီလာခံကျင်းပစဉ်ကာလတစ်လျှောက်လုံးမှာ သတင်းစာမှာရော ရေဒီယို၊ ရုပ်မြင်သံကြားမကျန် စာအုပ်စာစောင်များအထိ ထုတ်ပြန်ထုတ်ဝေ အသိပေးချပြထားပြီးဖြစ်လို့ ပြည်သူလူထုအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် နှံ့စပ်သိမြင် လက်ခံနေကြပြီးလည်းဖြစ်။

စာဖတ်သူတစ်ဦး၏ **"သည်မိုး သည်လေ သည်လူတွေနဲ့"** (ဆောင်းပါး) စာမျက်နှာ–၈၊၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈–၂–၂၀၀၈
(ကြာသပတေးနေ့)

ဒေသအလိုက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများဖြစ်ထွန်း

ယနေ့ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်းတိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတကာဖြစ်စဉ် ဖြစ်ရပ်များသည်လည်း အရှိန်အဟုန်ဖြင့် ဖြစ်၊ ပျက် ပြောင်းလဲနေသည်။ ယင်းသို့သော အချိန်အခါမျိုးတွင် မိမိနိုင်ငံ၊ မိမိတို့လူမျိုး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေစေရန် ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည်စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေး၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နေသည်။

သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများကို တည်ဆောက်ပေးလျက်ရှိသည်။ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကိုလည်း တစ်နိုင်ငံလုံး ဖြန့်ကြက် ဖြည့်ဆည်းပေးထားရာ ဒေသအလိုက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ မျှမျှတတ ဖြစ်ထွန်းနေပြီဖြစ်သည်။

အမျိုးသားပညာရည် မြင့်မားရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများကလည်း အသိပညာကို အခြေခံသည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာရေး ဝိုင်းဝန်းအားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

အထူးသဖြင့် ကျေးလက်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် ကျေးလက်ပြည်သူများ ပညာတတ်မြောက်ရေး၊ အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးသင်ယူနိုင်ရေး၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် ပညာသင်ယူပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၏ စေတနာ၊ အရည်အသွေးနှင့်သင်ကြားမှုသည် နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းစေသည်ဖြစ်ရာ ဆရာ၊ ဆရာမများအားလုံးက ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာ ဗဟုသုတပြည့်ဝစွာရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်း အားထုတ်သွားကြရမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်း ဘိုးရာဇာလမ်းနေ ဦးစန်းမောင်–ဒေါ်သန်းဆွေ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ဆိပ်ဖြူ)အရှင်ကုမာရ(မဟာဓမ္မာစရိယ) (M.A)(Thesis)ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကသစ်ဝိုင်တရားပွဲနှင့် ဂုဏာဝိသိဋ္ဌပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သနပ်ပင်မြို့ မန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာတွင် ကျေးဇူးရှင်မူလ ကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၀ ရက် ဝိပဿနာ အလုပ်ပေးတရားတော်များကိုဆရာတော်ဘဒ္ဒန္တပဒုမ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ဘဒ္ဒန္တကိတ္တိမာလာဘိဝံသ၊ ဘဒ္ဒန္တစန္ဒနမာလာ၊ ဘဒ္ဒန္တကဥ္စနသာရ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တသောဘိတအရှင်မြတ်တို့က မတ် ၁၀ ရက်မှ ၂၁ ရက်အထိ ညွှန်ပြ ဆုံးမတော်မူမည်ဖြစ်သည်။

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဥ္စနသာရအား ရဟန်းဒါယကာ၊ ဒါယိကာမများနှင့် ယောဂီများက မတ် ၂၃ ရက်တွင် မန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာ၌ ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဖုန်း–၀၅၂–၄၆၄၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေပြည်သစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးတွင်းများ မုတ္တမ ကမ်းလွန်ဒေသ လုပ်ကွက် M-10 ၌ စတင်တူးဖော်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Guan Mu၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Offshore Oil Corporation (CNOOC)၊ ဒုတိယဥက္ကဋ္ဌ Mr. Zhou Shouwei၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေးနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက် M-10 ၌ ကျင်းပသည့် အစမ်းတွင်းအမှတ် ရွှေပြည်သစ်(၁)အား စတင်တူးဖော်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့သည် တူးဖော်ရေးစင် Nan Hai-2(Semi-Submersible)ပေါ်သို့ ရောက်ရှိလာရာ CNOOC (Myanmar) Limited ဥက္ကဋ္ဌ Mr. Li Mingde နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ထို့နောက် Nan Hai-2 တွင်းတူးစက်ပေါ်၌ ရွှေပြည်သစ်(၁)အစမ်းတွင်း စတင်တူးဖော်ခြင်း အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Guan Muနှင့် CNOOCကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr.Zhou Shouwei တို့က အမှာစကား ပြောကြားကြပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မင်္ဂလာအချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-10၏ တွင်းစတင်တူးဖော်ခြင်း အခမ်းအနားကို ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက စက်ခလုပ်နှိပ်၍ စတင်တူးဖော် ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် ဧည့်သည်တော်များသည် Nan Hai-2 တွင်း တူးစင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးအား တွင်းတူးစင်ရှင်းလင်းဆောင်၌ CNOOC (Myanmar) Limitedဥက္ကဋ္ဌ Mr. Li Ming de က လုပ်ကွက်အမှတ် M-10 ၏ အလားအလာများ၊ တွင်းတူးဖော်စမ်းသပ်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် CNOOC ကုမ္ပဏီ၏ ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များအတွင်း ဆောင်ရွက်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က အသေးစိတ် ဆွေးနွေးညှိနှိုင်းကြပြီး ဝန်ကြီးကလုပ်ကွက်အမှတ် M-10အတွင်းရှိ ဘူမိအနေအထား ကောင်းမွန်သော သဲကြောများ ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Guan Mu နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Offshore Oil Corporation (CNOOC) ၏ ဒုတိယဥက္ကဋ္ဌ Mr.Zhou Shouwei တို့ မုတ္တမကမ်းလွန် ရေနံရှာဖွေရေးလုပ်ကွက် M-10 တွင် အစမ်းတွင်း အမှတ် ရွှေပြည်သစ်(၁) စတင်တူးဖော်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

အဆိုပါ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-10 သည် လက်ရှိထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ရောင်းချလျက်ရှိသည့် ရတနာသဘာဝဓာတ်ငွေ့မြေ၏ အရှေ့တောင်ဘက်နှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေ၏မြောက်ဘက်တွင် တည်ရှိသည်။ CNOOC ကုမ္ပဏီအနေဖြင့် ၂၀၀၈ ခုနှစ် ပွင့်လင်းရာသီတွင် ရွှေပြည်သစ် အစမ်းတွင်းအမှတ် ၁၊ ၂ နှင့် ၃ စုစုပေါင်း သုံးတွင်း တူးဖော်စမ်းသပ်သွားမည်ဖြစ်ပြီး မေလမတိုင်မီ ရွှေပြည်သစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး တွင်းများကို တူးဖော်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ၌ နိုင်ငံတော်အတွက် နောက်ထပ် သဘာဝဓာတ်ငွေ့သိုက်အသစ်ထပ်မံတွေ့ရှိနိုင်မည့်အလားအလာကောင်းများ များစွာရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ စာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

(၆၂)နှစ်မြောက် မြန်မာ့အသံ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာ မြန်မာ့အသံ သိန်းဟန်၏ "ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ" စာအုပ်ကို မကြာမီက ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**

မျက်နှာဖုံးပုံအဖြစ် အိတ်ဆောင်ရေဒီယိုလေးကိုဖွင့်၍ နားဆင်နေသော သမီး မဝင်းပပဟန်(B.E.Civil) ၏ လေးရောင်ခြယ်အတ်ကတ်၊ ပလတ်စတစ်လောင်းပုံဖြင့် ရိုက်နှိပ်ထားသည်။

ယင်းစာအုပ်တွင် အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသားစောချစ်၏ ဂုဏ်ပြုအမှာစကားနှင့်အတူ တစ်ချိန်က ဗမာ့အသံ(ယခုမြန်မာ့အသံ) တွင်တာဝန်ထမ်းဆောင်ခဲ့သော စာရေးဆရာ၊ ဂီတပညာရှင်၊ အနုပညာရှင်များဖြစ်ကြသော ညွှန်ကြားရေးဝန်ဦးခင်ဇော် (K)၊ ဦးထင်ဖတ်(မောင်ထင်)၊ မာတလိဦးကျော်ညိန်း၊ ပထမ ရွှေမောင်းကြီး ဦးသန်း၊ ဒုတိယ ရွှေမောင်း ဦးခင်မောင် (သတင်းဖတ်သူ)၊ တတိယရွှေမောင်း ဦးဇော်ဝင်း(မြန်မာ့အသံ မောင်သော်က)၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ ဗိုလ်ဗကို၊ အဆိုတော် မေရှင်၊ ဦးတင်ဦး(နန္ဒိယ)၊ ကမ္ဘာ့ဂီတ ဦးသန်းမြင့် (အဘ)၊ အစီအစဉ်မှူး ဦးညွန့်တင်၊ C.E ဦးဝင်းမောင်၊ အင်ဂျင်နီယာ ဦးကြိုင်၊ B.B.S ဦးလှဘူး၊ စာရေးဆရာ မင်းရှင်၊ ဘုတလင် ဦးချင်းစိန်(မောင်ကြည်ရှင်)၊ ဒေါ်လှထယ် (ရှမ်း) သီရိဂေဟာ ဒေါ်ခင်ခင်ကြည်၊ စန္ဒားရားလှထွတ်၊ မြန်မာ့အသံ သိန်းဟန်၏ "ကျွန်တော်နှင့် စာအုပ်စာပေလှူ့မိတ်ဆွေ"၊ "ကျွန်တော်နှင့် ရေဒီယိုအသံလွှင့်ဇာတ်လမ်း"အကြောင်း အပါအဝင် လူပုဂ္ဂိုလ် ၂၀ တို့၏ မီဒီယာလုပ်ငန်းများနှင့် သူတို့ဘဝအတွေ့အကြုံများကို ဗဟုသုတဖြစ်ဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ်၊ ပြန်လည်တသသတိရဖွယ်အဖြစ် ဖတ်ရှုရမည်ဖြစ်သည်။

ရှားပါးသော မှတ်တမ်းဝင် ဓာတ်ပုံပေါင်း ၅၈ ပုံကိုလည်း ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည်။

ဤစာအုပ်သည် "ခေတ်အဆက်ဆက် မြန်မာ့အသံ(သမိုင်း၊ မှတ်တမ်း)" စာအုပ်နှင့် အတူယှဉ်တွဲ လေ့လာဖတ်ရှုသင့်သော ယနေ့မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ စာနယ်ဇင်း၊ မီဒီယာလုပ်ငန်းများနှင့် ဆက်နွယ်သူတိုင်း ဝယ်ယူထားသင့်သောစာအုပ်ဖြစ်သည်။

မြန်မာ့အသံ သိန်းဟန်၏ "ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ" စာအုပ်ကိုရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃ လမ်း(အထက်လမ်း) အမှတ်(၁၉၂)၊ ဂုဏ်ထူးစာပေတိုက်၊ (ဖုန်း) ၃၈၆၅၉၀၊ ၃၈၆၅၉၅ မှ ပြည်လုံးကျွတ် ဖြန့်ချိလိုက်ပြီး ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦး၊ နဂါးစာပေတိုက်များ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖြူးမဟာစည် သိမ်တော်ဆောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ၌ သာသနာ့ဝုမိကာရီ သိမ်တော်မင်္ဂလာကို အကျိုးတော်ဆောင်အဖွဲ့ကဦးစီး၍ဒါယကာ၊ ဒါယိကာမများနှင့် စုပေါင်း ဆောက်လုပ်လှူဒါန်းမည်ဖြစ်၍ သိမ်အလှူတော် ပါဝင်လိုသူများ ဖုန်း – ၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လှိုင်းခွဲ(၁၈၀) ၀၉ ၅၀ ၁၇၅၅၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အောင်စည်းခုံ စေတီတော်မြတ် ဘက်စုံပြုပြင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မြရတနာမြို့သစ် သဃ်န်းကျွန်းကြီးကျေးရွာရှိ သမိုင်းဝင် အောင်စည်းခုံဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရေး လုပ်ငန်းများကို ပဓာနနာယကဆရာတော် ဦးပညာစက္က(LL.B)၊သီတဂူ ပရိယတ္တိ စာသင်တိုက်အား အမှူးထား၍ နယ်လှည့်သာသနာပြုပုဂ္ဂိုလ် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း ၀၉-၅၁-၀၀၅၅၅၊၀၉-၅၁-၉၇၇၇၇က ဦးဆောင်ပြုပြင်သွားမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လိုကြသော သဒ္ဓါကြည်လင် ပါရမီရှင်များသည် ဘုရားဂေါပကအဖွဲ့ရုံးခန်းသို့လည်းကောင်း၊ ဘုရားအနီးရှိ မြရောင်ခြည် သီလရှင်စာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်တိက္ခစာရီထံသို့လည်း ကောင်း အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒွိပိဋကကောဝိဒ ဆရာတော် ဝိဇာတအလှူ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်သီရိလမ်းရှိ မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်မှ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော် အရှင်ဣန္ဒောဘာသာလင်္ကာ၏ ဝိဇာတ မွေးနေ့ အလှူတော်မင်္ဂလာကို မတ် ၁ရက်(စနေနေ့)နံနက် ၉နာရီခွဲတွင် အဆိုပါ မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မကောင်းမှုပြုက စိုးရိမ်ပူပန်ရ၏

မကောင်းမှုပြုသောသူသည် ဤဘဝတွင်လည်း စိုးရိမ်ရ၏။ နောင်ဘဝ၌ လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိပြုမိသော မကောင်းမှုကို မိမိစိတ်တွင် အမြဲတစေ တွေးတော မြင်မိနေခြင်းဖြင့် ထာဝရ စိုးရိမ်ပူပန်ဆင်းရဲခြင်း ဒုက္ခဖြင့်သာ ရင်ဆိုင်နေရ ပေမည်။

(ဓမ္မပဒ ၁၅)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမျိုးသားတုပ်ကွေးရောဂါဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုသည့် အခမ်းအနားသို့တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအား အမျိုးသား တုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တရားဝင်အသိအမှတ်ပြုသည့် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါဌာနဥပစာရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးဒေါက်တာ မြဦး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေကိုယ်စားလှယ် Professor. Adik Wibowo နှင့်တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာ စကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာနကို အမျိုးသားတုပ်ကွေးရောဂါ ဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရားဝင်အသိအမှတ်ပြုသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ဤကဲ့သို့ အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် အသိအမှတ်ပြုခံနိုင်စေရန် လိုအပ်သည့် နည်းပညာပံ့ပိုးမှုများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပံ့ပိုး ဆောင်ရွက် ပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံ ပြည်သူများအတွက်လည်း ကျန်းမာရေးအဆင့်အတန်း မြှင့်တင် ပေးလိုက်နိုင်ခြင်းဖြစ်ကြောင်း။

ကြက်၊ ငှက်တုပ်ကွေးရောဂါ (H_5N_1)အနေဖြင့် တစ်ကမ္ဘာလုံးတွင် ၂၀၀၃ ခုနှစ်မှ စတင်၍ ယနေ့အထိ မြန်မာနိုင်ငံအပါအဝင် ၆၁ နိုင်ငံ၌ ဖြစ်ပွားလျက်ရှိပြီး ကြက်၊ ငှက်မှတစ်ဆင့် လူသို့ကူးစက်ပြန့်ပွားမှုမှာ ၁၄ နိုင်ငံရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်မူ ယနေ့အချိန်အထိ ကြက်၊ ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ကြက်၊ငှက်တုပ်ကွေးရောဂါပိုး (H_5N_1) သည် လူများတွင်ဖြစ်ပေါ်လာသဖြင့် မြန်မာနိုင်ငံ၏ ကြက်၊ ငှက်တုပ်ကွေးရောဂါ စောင့်ကြည့်မှုစနစ်ကို အင်အားဖြည့်ဆောင်ရွက်ရန်လိုကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဂျပန်နိုင်ငံရှိ ကူးစက်ရောဂါများဆိုင်ရာ အမျိုးသားဌာနတို့၏ အကူအညီဖြင့် လိုအပ်သောနည်းပညာနှင့် အရည်အသွေးများ မြှင့်တင်ပေးခြင်းဖြင့် ယခုကဲ့သို့ အမျိုးသားတုပ်ကွေးရောဂါဌာနတစ်ခု ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း။

အလျဉ်းသင့်၍ **မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် တီဘီရောဂါများ ကာကွယ်ကုသဆောင်ရွက်နေသည့် လုပ်ငန်းအချို့ကို ကောက်နုတ်တင်ပြရလျှင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်း၏ အောင်မြင်မှုတစ်ခုအဖြစ် မြန်မာနိုင်ငံ၏ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် ၀ ဒသမ ၇ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ကို တွေ့ရကြောင်း။**

အလားတူ တီဘီရောဂါတိုက်ဖျက်နှိမ်နင်းရေးအပိုင်းနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ၁၉၉၇ ခုနှစ်တွင် တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု(DOTS) နည်းဗျူဟာဖြင့် ဆောင်ရွက်ခဲ့ရာ၌ ၂၀၀၃ ခုနှစ်တွင် တစ်ပြည်လုံးမှ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်သည် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် ရောဂါရှာဖွေတွေ့ရှိနှုန်း ၇၀ရာခိုင်နှုန်းနှင့် ရောဂါပျောက်ကင်းမှုနှုန်း ၈၅ ရာခိုင် နှုန်းကို ပြည့်မီအောင် ဆောင်ရွက်နိုင်ကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Samlee Plianbangchang က အမှာစကားပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနကို အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုသည့်လက်မှတ်နှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ၂၀၀၈ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်မည့် နည်းဗျူဟာလုပ်ငန်းစဉ်တို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Samlee Plianbangchang က ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမျိုးသားတုပ်ကွေးရောဂါဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အဖွဲ့ဝင်များသည် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ အမျိုးသားတုပ်ကွေး ရောဂါဌာနအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၅:၂၀ ၆။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၃၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၂၆)**
- ၆:၃၅ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဒီလှိုင်းနှင့်အတူ (အပိုင်း-၂၄) (ဇာတ်သိမ်း)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကုန်သွယ်သုတ
- ၁၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **FA Cup ဘောလုံးပွဲ Middles Brough & Sheffield Utd(Delay)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပါကစ္စတန်သမ္မတ ရာထူးမှအနားယူမည့်သတင်း မမှန်ကန်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ပြောကြား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၆

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်အနေဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရ အတိုက်အခံပါတီများ၏ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် ကြိုးပမ်းလုပ်ဆောင်မှုကို စောင့်ဆိုင်းနေခြင်းထက် ပါကစ္စတန်သမ္မတ ရာထူးမှ နုတ်ထွက်ရန် စဉ်းစားနေသည်ဟု ဗြိတိသျှ ဆန်ဒေးတယ်လီဂရပ်ဖ်သတင်းစာ၏ ရေးသားဖော်ပြမှုသည် မှားယွင်းကြောင်း ပါကစ္စတန်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ရာရှစ်ကျူရီရှီက တနင်္လာနေ့တွင် ပြောကြားသည်။

တနင်္လာနေ့က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အထင်ကရပါတီကြီးသုံးခုက ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် ကြေညာပြီးခဲ့သည့်နောက် မူရှာရက်ဖ်က ၎င်းအတွက် ရွေးချယ်စရာ မရှိခဲ့ဟု ယုံကြည်နေကြောင်းအဆိုပါသတင်းစာက ရေးသားခဲ့သည်။ ယင်းပါတီများက မူရှာရက်ဖ်က ဖြုတ်ခဲ့သည့် ပါကစ္စတန်တရားရေးအကြီးအကဲဟောင်း မိုဟာမက်ချောင်ဒရီနှင့် အခြားတရားသူကြီး ၆၀ တို့အား မူလရာထူးဟောင်းတွင် ပြန်လည်ခန့်ထားရန် ကတိကဝတ် ပြုခဲ့သည်ဟု ဆိုသည်။

သတင်းစာ၏သတင်းသည်ယုံကြည်ကိုးစားစရာမရှိကြောင်း၊ သမ္မတ၏ ရုံးခန်းတွင် ယင်းသတင်းအတိုင်း ဖြစ်မနေကြောင်း ကျူရီရှီက ပြောကြားသည်။

သမ္မတမူရှာရက်ဖ်အနေဖြင့် အစိုးရဖွဲ့စည်းရေးတွင် ပါဝင်ရမည့် အခန်းကဏ္ဍမရှိဘဲ အစိုးရဖွဲ့စည်းရေးကိစ္စသည် နိုင်ငံရေးသမားများ၏ တာဝန်သာ ဖြစ်ကြောင်း ကျူရီရှီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ပတ္တနာဒေသ၌ ပြေးဆွဲနေသော ရထားတစ်စင်းကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒါဖာပြဿနာပြေလည်ရေးအတွက် တရုတ်နိုင်ငံ၏အခန်းကဏ္ဍ ဆူဒန်ဝန်ကြီး ချီးကျူး

ခါတွမ် ဖေဖော်ဝါရီ ၂၆

ဆူဒန်နိုင်ငံမှဒါဖာပြဿနာ ပြေလည်ရေးအတွက် ဆုံးဖြတ်ချက် ပေါ်ထွန်းအောင် ကြိုးပမ်းရာတွင် အထောက်အကူပေးခဲ့သည့် တရုတ်နိုင်ငံကို အထူးတလည် လက်ကမ်းကြိုဆိုကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီး ဒိန်အလော်ဆန်းဒေးက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ဒါဖာပြဿနာတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှု မရှိခဲ့ကြောင်း၊ သို့ရာတွင် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအနေဖြင့်ဒါဖာပြဿနာဖြေရှင်းရာတွင် ကူညီပံ့ပိုးရန် ကောင်းမွန်စွာဆက်ဆံမှု ပြုလုပ်ခဲ့ကြောင်း ၎င်းက တရုတ်အစိုးရ၏ ဒါဖာဆိုင်ရာ အထူးကိုယ်စားလှယ် လူဂွိဂျင်းနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များသို့ ပြောကြားသည်။

ဒါဖာဒေသနှင့် ပတ်သက်၍ တရုတ်နိုင်ငံက တိုက်ရိုက် သို့တည်းမဟုတ် သွယ်ဝိုက်၍ အကူအညီပေးခဲ့သည်ဟု အနောက်အုပ်စုက ထင်မြင်ယူဆနေကြကြောင်း၊ ယင်းကိစ္စသည် မိမိတို့အစိုးရ၏ တာဝန်သာဖြစ်သည်ဟု ဒိန်အလော် ဆန်းဒေးက ဖော်ပြသည်။

တရုတ်နိုင်ငံက ဒါဖာပြဿနာ ဆက်လက်ပေါ်ပေါက်ရေးအတွက်နည်းလမ်းရှာသည့်အနေဖြင့် ကူညီခဲ့ခြင်း မဟုတ်ကြောင်း၊ ဆူဒန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးစေရန် ကူညီရန်သာ ဖြစ်ကြောင်း တရုတ်နိုင်ငံကဆူဒန်နိုင်ငံတည်ဆောက်ရေးအတွက် ကူညီခဲ့ခြင်းသာဖြစ်ပြီး ဆူဒန်နိုင်ငံ၏ ရေနံနှင့် အခြားကဏ္ဍများတွင် စီးပွားရေးအရ လုပ်ကိုင်နေခြင်းသာဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီး၊ အာဂျင်တီးနားနှင့် ပြင်သစ်တို့ ပူးပေါင်း၍ ရေငုပ်သင်္ဘော တည်ဆောက်မည်

ဗျူနိုအေရိစ် ဖေဖော်ဝါရီ ၂၆

ဘရာဇီး၊ အာဂျင်တီးနားနှင့် ပြင်သစ်နိုင်ငံတို့သည် ရေငုပ်သင်္ဘောများကို ပူးပေါင်း တည်ဆောက်သွားကြမည်ဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်ဆွန်ဂျိုဘမ်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် ရေငုပ်သင်္ဘောသုံး နျူကလီးယားဓာတ်ပေါင်းဖို အင်ဂျင်ကို ပူးတွဲတည်ဆောက်မည်ဖြစ်ပြီး ရိုးရိုးရေငုပ်သင်္ဘော တည်ဆောက်မှုနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံက ပါဝင်ကူညီမည်ဖြစ်ကြောင်း ဂျိုဘမ်က ပြောကြားသည်။

နျူကလီးယားဓာတ်ပေါင်းဖို ပူးတွဲတည်ဆောက်ရန် အာဂျင်တီးနားနှင့် ဘရာဇီးသမ္မတတို့ ဖေဖော်ဝါရီ ၂၂ ရက်က သဘောတူညီခဲ့ပြီးနောက် အထက်ပါအစီအစဉ်ကို လက်ခံခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်ကိုဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်ဆွန်ဂျိုဘမ်၊ အာဂျင်တီးနား ကာကွယ်ရေးဝန်ကြီး နေဒါဂါရီနှင့် စစ်ဘက်အကြီးအကဲ သုံးဦးတို့ ဆွေးနွေးပြီးနောက် သဘောတူညီခဲ့ခြင်း ဖြစ်သည်ဟု ဂျိုဘမ်က ပြောကြားသည်။ မျက်မှောက်ကာလတွင် အာဂျင်တီးနားနိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ်ရုံရှိပြီး တတိယစက်ရုံကို တည်ဆောက်နေဆဲဖြစ်သည်။ ဘရာဇီးနိုင်ငံသည် နျူကလီးယား ယူရေနီယံလောင်စာ ကြွယ်ဝသည့်နိုင်ငံများအနက် ဆဋ္ဌမအဆင့်၌ရှိသော နိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံနျူကလီးယားဓာတ်အားပေးစက်ရုံ ဖွံ့ဖြိုးရေးအစီအစဉ်ကို ဘရာဇီးသမ္မတ လူအဇ်အင်ယာစီရီဒါဆဲလ်ဗာက ၂၀၀၇ ခုနှစ်ကထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၄၀ သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

ပေကျင်း ဖေဖော်ဝါရီ ၂၆

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီ ၃၆ မိနစ်က ၇ ဒသမ ၃ ရစ်ချ်တာ စကေးအဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တရုတ်နိုင်ငံ မြေငလျင်တိုင်းတာရေးကွန်ရက်မှ တိုင်းတာရရှိသည်။

အဆိုပါငလျင်၏ဗဟိုသည်ဆူမတြားကျွန်း၏ကမ်းခြေမှကီလိုမီတာ၁၀၀ ခန့်အကွာ၊ ပါဒန်မြို့မှ ကီလိုမီတာ ၁၈၀ အကွာတွင် တည်ရှိသည်။

အမေရိကန်နိုင်ငံအခြေစိုက် အမျိုးသားငလျင်အသိပေးဌာနက ထိုငလျင်လှုပ်သွားပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါငလျင်လှုပ်ခတ်ခြင်းကြောင့် သေကျေပျက်စီးမှု သတင်းကို ချက်ချင်းထုတ်ဖော်ပြောကြားခြင်း မရှိကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံတွင် လှုပ်ရှားသွားသည့် မြေငလျင်ဗဟိုချက်နှင့် ပြင်းအားအခြေအနေကို ဖော်ပြသောမြေပုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန် တည်ငြိမ်အေးချမ်းမှုလိုအပ် ပါကစ္စတန်ကူညီရန် ပြောကြား

အော်စလို ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်အေးချမ်းမှုလိုအပ်သည့်အတွက် တာလီဘန် စစ်သွေးကြွများကို နှိမ်နင်းရာ၌ ပါကစ္စတန်နိုင်ငံက ကူညီရန် အာဖဂန်နိုင်ငံခြားရေးဝန်ကြီး ရန်ဂင်းဒက်ဖာစပန်ဒါက တနင်္လာနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် သီတင်းပတ်က ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မည်သို့မြင်ပါသနည်းဟု မေးမြန်းခဲ့သည်။ ထိုမေးခွန်းကို ပြောကြားရာ၌ ပါကစ္စတန်တည်ငြိမ်ရေးသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း ဝန်ကြီးက ဖြေကြားသည်။

၁၉၉၉ခုနှစ်တွင် စစ်တပ်က အာဏာရယူခဲ့သည့် ပါကစ္စတန်သမ္မတ ပါဗက်ဇ် မူရှာရက်ဖ်ပါတီ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သဖြင့် ပါကစ္စတန်နိုင်ငံရေးပါတီများက ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြသည်။ လူမျိုးစုဒေသများတွင် မူရှာရက်ဖ်အစိုးရကဲ့သို့ အကြမ်းဖက်နှိမ်နင်းမှုများ ဆက်လက်လုပ်ဆောင်ခဲ့လျှင် မည်သည့်အစိုးရဖြစ်လာသည်ဖြစ်စေ အယ်လ်ခိုင်ဒါ အဆက်အနွယ် ပါကစ္စတန်စစ်သွေးကြွများက တိုက်ခိုက်မှုများ တိုးမြင့်လာမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က သတိပေးခဲ့သည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြားရှိ တောင်ထူထပ်သောဒေသများသည် တာလီဘန် စစ်သွေးကြွများ ကြီးစိုးရာဒေသတစ်ခုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

လူမည်းတစ်ဦးအားသတ်မှုဖြင့် ရဲများအား တရားရုံးတင်

နယူးယောက် ဖေဖော်ဝါရီ ၂၆

လက်နက်ကိုင်ဆောင် ထားခြင်းမရှိသော လူမည်းတစ်ဦးကို ၎င်း၏မင်္ဂလာလက်ထပ်ပွဲမတိုင်မီတွင် ဖမ်းဆီးပြီး သေနတ်ဖြင့် အချက်ပေါင်း ၅၀ ပစ်သတ်ခဲ့ကြသော ရဲများသည် လူရမ်းကားများ ဖြစ်သည်ဟု တရားလိုရှေ့နေက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ထိုအမှုတွင် ရဲအရာရှိ နှစ်ဦးကို လူသတ်မှုဖြင့် လည်းကောင်း၊ တတိယတစ်ဦးအား အန္တရာယ်ရှိသော မဆင်မခြင် ပြုလုပ်မှုဖြင့်လည်းကောင်း စွဲချက်တင်ထားသည်။

၂၀၀၆ခုနှစ်က အသက်၂၃နှစ် အရွယ်ရှိ ဆင်းဘဲလ်ဆိုသူ လူမည်းတစ်ဦးသည် ကလပ်တစ်ခုတွင်၎င်း၏မင်္ဂလာပွဲအကြိုညှော်ခံပွဲပြုလုပ်အပြီး ရဲများ၏ ပစ်သတ်ခြင်းကို ခံလိုက်ရခြင်း ဖြစ်သည်။ ဤဖြစ်ရပ်သည် နယူးယောက် လူမည်းများ အကြား၌ နာကျည်းမှုကို ဖြစ်စေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ဝန်ဆောင်မှုအကောင်းဆုံး လေဆိပ်အဖြစ် အရွေးချယ်ခံရသော တောင်ကိုရီးယားနိုင်ငံရှိ အင်ချွန်လေဆိပ်ကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာရှမှ လေဆိပ်သုံးခု ဝန်ဆောင်မှုတွင် ကမ္ဘာ့ထိပ်တန်းအဆင့်ဝင်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၇

ကမ္ဘာ့လေဆိပ်များအနက် ခရီးသည်အတွက် ဝန်ဆောင်မှုပေးသော လုပ်ငန်းပိုင်း၌ အာရှလေဆိပ်သုံးခုဖြစ်သည့် တောင်ကိုရီးယားမှ အင်ချွန်လေဆိပ်၊ မလေးရှားမှ ကွာလာလမ်ပူလေဆိပ်နှင့် စင်ကာပူမှ ချန်ဂီလေဆိပ်တို့သည် ၂၀၀၇ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းဝင် လေဆိပ်များအဖြစ် အပြည်ပြည်ဆိုင်ရာလေဆိပ်များ ကောင်စီ(အေစီအိုင်)က သတ်မှတ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်တွင် ကြေညာ သည်။

ခရီးသည်အများအပြားထံမှ လေဆိပ်၏ သန့်ရှင်းမှုအခြေအနေ၊ လေယာဉ်စောင့်ဆိုင်းရာ၌ သက်သောင့်သက်သာရှိမှုအခြေအနေနှင့် အဝင်အထွက်တွင် အစစ်ဆေးခံရာ၌ အဆင်ပြေမှုအခြေအနေ စသည့် အချက်အလက်များကို မေးမြန်းစစ်တမ်းကောက်ယူပြီး စာရင်းပြုစု လေ့လာတင်ပြခြင်း ဖြစ်သည်။

ဖော်ပြပါလေ့လာချက်စာတမ်းကို လေဆိပ်ပေါင်း ၉၀နှင့် ခရီးသည်ပေါင်း ၂၀၀၀၀၀တို့ကို မေးမြန်းရာမှ ရရှိသောအချက်အလက်များအပေါ် အခြေခံ၍ ပြုစုထားခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန် မိုဘိုင်းဖုန်းကုမ္ပဏီများကို တာလီဘန် သတိပေးချက်ထုတ်ပြန်

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၂၇

မိုဘိုင်းတယ်လီဖုန်းကုမ္ပဏီများအနေဖြင့် ညအချိန်တွင် ဖုန်းကွန်ရက်ကို သုံးရက်တာပိတ်ထားရန် တာလီဘန် စစ်သွေးကြွများက အာဖဂန် မိုဘိုင်းဖုန်းဌာနများသို့ ဖေဖော်ဝါရီ ၂၅ ရက်တွင် သတိပေးချက်ထုတ်ပြန်သည်။ နိုင်ငံတကာတပ်ဖွဲ့များသည် တာလီဘန်များအသုံးပြုသောဆဲလ်ဖုန်းများကို ခြေရာခံလိုက်နေသောကြောင့် ၎င်းတို့က ဖုန်းကုမ္ပဏီများကို လုပ်ငန်းပိတ်ထားရန် သတိပေးခြင်းဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်းကုမ္ပဏီလေးခု၏ကိုယ်စားလှယ်များနှင့် မကြာသေးမီကဆွေးနွေးပြီးနောက် အဆိုပါသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကာရီမိုဟာမက်ဒ်ယူဆွက်ဖ်က ရိုက်တာသတင်းဌာနသို့ မိုဘိုင်းဖုန်းဖြင့် သတင်းပေးသည်။

အာဖဂန် နစ္စတန်နိုင်ငံကို နိုင်ငံခြားတပ်ဖွဲ့များ သိမ်းပိုက်စဉ်ကတည်းက မူဂျာဟီဒင်များကို ခြေရာခံနိုင်ရန်အတွက် ညပိုင်းတွင် မိုဘိုင်းဖုန်းများ အသုံးပြုကြကြောင်းသိရသည်။ သို့ဖြစ်၍ တယ်လီဖုန်းကုမ္ပဏီများအနေဖြင့် ညနေ ၅နာရီမှနံနက်၇နာရီအထိ သုံးရက်တာ လုပ်ငန်းများပိတ်ထားရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း ယူဆွတ်ဖ်က ပြောကြားသည်။

ထိုသတိပေးချက်ကို မလိုက်နာလျှင် တာလီဘန်တို့သည် မိုဘိုင်းဖုန်းကုမ္ပဏီများ၏ ရုံးများနှင့် တာဝါတိုင်တို့ကို ပစ်မှတ်ထား ဖျက်ဆီးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၂၀၀၁ ခုနှစ်တွင် ၎င်းတို့တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာ၌လည်းကောင်း၊ အာဖဂန်ရှိသတင်းဌာနသို့ သတင်းပေးရာ၌လည်းကောင်း မိုဘိုင်းဖုန်းများကိုသာ အစဉ်တစိုက်သုံးစွဲလျက်ရှိသည်။

တာလီဘန်များအာဏာမဲ့ချိန်မှစ၍ အာဖဂန်တွင် မိုဘိုင်းဖုန်းလုပ်ငန်းလေးခုပေါ်ထွက်လာသည်။ အာဖဂန်ရှိ မိုဘိုင်းဖုန်းကုမ္ပဏီ လေးခုအနက် သုံးခုမှာနိုင်ငံခြားသားပိုင် ကုမ္ပဏီများဖြစ်သည်။ ထိုကုမ္ပဏီများသည် ဒေါ်လာသန်းရာနှင့်ချီ၍ ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းလုပ်ကိုင်နေကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကင်ညာအစိုးရနှင့် အတိုက်အခံ ညှိနှိုင်းဆွေးနွေးမှုရပ်ဆိုင်း

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၇

ကင်ညာနိုင်ငံ၏ နိုင်ငံရေးပြဿနာအဆုံးသတ်ရေးအတွက် ဆွေးနွေးပွဲများကျင်းပနေရာမှ တနင်္လာနေ့တွင် ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ကင်ညာသမ္မတ ကီဘာကီနှင့် ပြိုင်ဘက် ဒင်းဂါတို့၏ အာဏာခွဲဝေယူရေးကိစ္စအတွက် ဆုံးဖြတ်ချက်ချရန် ခက်ခဲနေပြီဖြစ်ကြောင်း ညှိနှိုင်းရေးမှူးများက ပြောကြားသည်။

ပြည်သူ ၁၀၀၀ ခန့် သေဆုံးခဲ့ပြီး ကင်ညာနိုင်ငံ၏ ဂုဏ်သိက္ခာ ထိခိုက်ခဲ့သည့်ရွေးကောက်ပွဲလွန်ကာလ ဖြစ်ရပ်များအဆုံးသတ်ရေးဆိုင်ရာ သဘောတူညီချက် အကြိုသတင်းဖော်ဆောင်နိုင်မှုမရှိ ဖြစ်ခဲ့ရပြီး နာရီပိုင်းအကြာတွင် ညှိနှိုင်းဆွေးနွေးရေးအဖွဲ့များက ဆွေးနွေးမှုရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

သဘောတူညီချက် မရရှိခဲ့ပါက အတိုက်အခံပါတီက ကြာသပတေးနေ့မှ စတင်ပြီး ဆန္ဒပြမှုများဆက်လက်ပြုလုပ်မည်ဟု ခြိမ်းခြောက်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အကြမ်းဖက်စစ်သွေးကြွ ၄၄၂ဦးကို ပါကစ္စတန်နိုင်ငံအနှံ့တွင် ဖမ်းမိ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၇

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင်စစ်သွေးကြွ အကြမ်းဖက်သမားများဟု ယူဆရသူ ၄၄၂ဦးကို လက်နက်အမြောက်အမြားနှင့်အတူ ဖမ်းဆီးရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျေးဗ်အီဘယ်လ်ချမ်မာက ဖေဖော်ဝါရီ ၂၆ရက်တွင် ကျင်းပသော အပတ်စဉ် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

တိုက်ခိုက်ရေးသမား

အဖမ်းခံရသူများတွင် အသေခံဗုံးခွဲတိုက်ခိုက်ရေးသမား ဖြစ်လာနိုင်သူ ၆ဝလည်း ပါဝင်ကြောင်းသိရသည်။ ရမိထားသောလက်နက်ခဲယမ်းများတွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ သေနတ်များ၊ အသေခံဗုံးခွဲသမားများ ဝတ်ဆင်သည့်ဗုံး တပ်ဆင်ထားသော ဝတ်စုံများနှင့် လက်ပစ်ဗုံးများပါဝင်ကြောင်းသိရသည်။

၎င်းတို့အများစုကို အနောက်မြောက်နယ်စပ်ဒေသပြည်နယ် ဆွတ်ခရိုင်နှင့် ဘလူချီစတန်ဒေသတို့မှ ဖမ်းဆီးရမိခြင်းဖြစ်သည်ဟု ချမ်မာကပြောကြားသည်။ ဆွတ်ဒေသတွင် ဖမ်းမိသူဦးရေသည် ၁၂၄ဦးရှိပြီး လက်နက်ချသူဦးရေမှာ ၁၄၀ ရှိသည်။

သေဆုံးခဲ့ရ

ရာဝါပင်ဒီမြို့၌ ဖေဖော်ဝါရီ ၂၅ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပါကစ္စတန်ဆေးတပ်ဖွဲ့အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး မချ်တာဘိဒ်သေဆုံးခဲ့ရပြီး အခြားခုနစ်ဦးလည်း သေဆုံးရသည်။ ဤလုပ်ရပ်များသည် နိုင်ငံတွင်း၌ မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သော်လည်း ထိုအဖြစ်အပျက်များကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို ထိခိုက်စေမည်မဟုတ်ဟု ချမ်မာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် လုံခြုံရေးအတွက် ယာဉ်အသွားအလာများအား စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လမ်းဘေး ဗုံးပေါက်ကွဲ အာဖဂန်ရဲငါးဦးသေဆုံး

ခို့(စ်)(အာဖဂန်နစ္စတန်)ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ခို့(စ်) ပြည်နယ်တွင် လမ်းဘေးဗုံးတစ်လုံး အင်္ဂါနေ့က ပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင် ငါးဦး သေဆုံးကြောင်း ပြည်နယ်တာဝန်ရှိသူ တစ်ဦးက ပြောသည်။

သေဆုံးသူများမှာ ရဲအရာရှိတစ်ဦးနှင့် ၎င်း၏ သက်တော်စောင့်အဖြစ် တာဝန်ယူထားကြသော သားနှစ်ဦးနှင့် တူနှစ်ဦးတို့ဖြစ်သည်။

ပါကစ္စတန်နှင့် နယ်စပ်ချင်းကပ်နေသော ယင်းပြည်နယ်၏ ဆာဗရီခရိုင်တွင် ၎င်းတို့စီးလာသောကားကို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲအရာရှိက ပြောသည်။

ယခု တိုက်ခိုက်မှုသည် တာလီဘန်တို့၏ လက်ချက်ဖြစ်သည်ဟု ၎င်းရဲအရာရှိက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၇ခုနှစ်က တရုတ်တောင်ပိုင်းနယ်စပ်၌ မူးယစ်ဆေးဝါး ၂၃၈ ကီလို သိမ်းဆည်းရမိ

ကွမ်ကျိုး ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်ပြည်နယ် နယ်စပ်ရဲတပ်ဖွဲ့သည် ပြီးခဲ့သည့်နှစ်က အကြီးဆုံးမူးယစ်ဆေးဝါးမှုကို ဖြိုခွင်းနိုင်ခဲ့ကြောင်း၊ ထိုအမှုတွင် မူးယစ်ဆေးဝါး ၂၃၈ ကီလိုနှင့် မူးယစ်ဆေးဝါးမှောင်ခိုဟု သင်္ကာမကင်းသူ ငါးဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း နယ်စပ်ရဲတပ်ဖွဲ့က ပြောကြားသည်။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများတွင် ကီတာမင်၊ ကိုကင်း၊ ဘိန်းဖြူ၊ အိုင်စ်၊ ဆေးခြောက်၊ ဖက်သာတမင်းနှင့် အက်စတာစီတို့ ပါဝင်သည်။

ထိုအမှုသည် ၂၀၀၇ ခုနှစ်၌ တရုတ်နိုင်ငံ နယ်စပ်ရဲတပ်ဖွဲ့က ဖော်ထုတ်ခဲ့သည့် မူးယစ်မှုတွင် အကြီးဆုံး အမှုကြီးဖြစ်သည်။

မူးယစ်ဆေးဝါး မှောင်ခိုများဟု သံသယရှိသူ ဘီအိုနှင့်ဝမ်တို့ကို နယ်စပ်ရဲများက ထိန်းသိမ်းခဲ့သည်။ ၎င်းတို့သည် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂ရက် နေ့လယ် ၂နာရီတွင် အလေးချိန် ၁ဒသမ ၆ကီလိုရှိ ဘိန်းဖြူနှစ်တောင့်ကို ကားထဲထည့် သယ်ဆောင်လာစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းရမိ

ဘီအို၏ အိမ်တွင် ကီတာမင် ၂၁၃ ကီလို၊ ကိုကင်းလေးကီလို၊ မာဂူကိုးကီလို၊ စိတ်ကြွဆေး ရှစ်ကီလို၊ ဆေးခြောက်နှစ်ကီလို၊ ဘိန်းဖြူ ၃၄၀ ဂရမ်၊ အိုင်စ် ၁၅၀ဂရမ်နှင့် လက်နက်အတုတစ်လက်ကို သိမ်းဆည်းရမိသည်။

အလားတူ ဝမ်၏အိမ်တွင်လည်း ၅ဒသမ၇ကီလိုရှိ ဖက်သာတမင်းများကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသောနေရာကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နိုင်ငံ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ဆက်တိုက်အနိုင်ရနေသူ ဒီမိုကရက်တစ်ပါတီမှ ဘာရက်အိုဘားမားနှင့် အနိုင်ရရန်ကြိုးပမ်းနေသူ ဟီလာရီကလင်တန် အားတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် မက်ကိန်းနှင့် အိုဘားမား နိုင်ပွဲဆက်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံ သမ္မတလောင်းရွေးပွဲများတွင် အနိုင်ရရှိကာ ရှေ့ဆုံးမှပြေးနေသူ ဒီမိုကရက်တစ်ပါတီမှ ဘာရက်အိုဘားမားနှင့် ရီပတ်ဘလီကန်ပါတီမှ ဦးဆောင်နေသူ ဂျွန်မက်ကိန်းတို့သည် ပင်လယ်ရပ်ခြား မဲဆန္ဒနယ်များ၌လည်း ဆက်လက်အနိုင်ရရှိနေကြောင်း စီအင်အေသတင်းဌာန၏ ဖေဖော်ဝါရီ ၂၅ ရက် သတင်းကဖော်ပြသည်။

အနိုင်ရရှိ

ရီပတ်ဘလီကန်ပါတီက ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်သော ပေါ်တိုရီကိုမဲဆန္ဒနယ် ရွေးချယ်ပွဲတွင် အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းကပင် ပါတီကိုယ်စားလှယ် ၂၀စလုံး၏ မဲများကိုရရှိကာ အနိုင်ရရှိသွားသည်။

၎င်းသည် ဆမိုအာကျွန်းနှင့် မြောက်မာရီယားနားကျွန်း မဲဆန္ဒနယ်များ၌လည်း ဆက်တိုက် အနိုင်ရရှိခဲ့သည့် အတွက် ယခုအခါ ပါတီကိုယ်စားလှယ်မဲ ၉၉၆ ဦးကို ရရှိထားပြီဖြစ်သည်။ ပါတီစည်းမျဉ်းအရ ကိုယ်စားလှယ်မဲ၁၁၉၁မဲ ရရှိလျှင် သမ္မတလောင်းအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည်။

ဆက်လက်ခြေလှမ်း

ဒီမိုကရက်တစ်ပါတီ၏ အခြေအနေကိုကြည့်လျှင်မူ အကြိုအခြေခံသမ္မတလောင်းယှဉ်ပြိုင်သူ အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ် အိုဘားမားသည် ဖေဖော်ဝါရီ ၂၃ ရက်က ပြီးစီးသွားသည့် ဗာဂျင်းကျွန်း မဲဆန္ဒနယ်တွင် အနိုင်ရရှိသွားပြီး ယခုအခါ မတ် ၄ ရက်တွင် ပြုလုပ်မည့် တက္ကဆက်နှင့် အိုဟိုင်းယိုးပြည်နယ် ရွေးချယ်ပွဲဆီသို့ ဆက်လက်ခြေလှမ်းနေပြီဖြစ်သည်။

လူမည်းအများစုနေထိုင်သော ဗာဂျင်းကျွန်း မဲဆန္ဒနယ်တွင် အိုဘားမားသည် မဲ ၉၀ ရာခိုင်နှုန်း ရရှိပြီး ယှဉ်ပြိုင်ဘက် နယူးယောက်ပြည်နယ် အထက်လွှတ်တော် အမတ် ဟီလာရီကလင်တန်မှာ မဲအရေအတွက်၏ ၇ ရာခိုင်နှုန်းကိုသာ ရရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်၌ အအေးဓာတ်လွန်ကဲမှုကြောင့် ဒေါ်လာ ၂၅သန်းနီးပါး ဆုံးရှုံး

ဟန်နွိုင်း ဖေဖော်ဝါရီ ၂၇

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသတွင် အအေးလွန်ကဲသည့်ကာလ ကြာရှည်သောကြောင့် ဗီယက်နမ်ဒေါင်ငွေ ဘီလီယံ ၄၀၀ (အမေရိကန်ဒေါ်လာ ၂၅သန်း)နီးပါး ဆုံးရှုံးရကြောင်း အစိုးရဌာနတစ်ခုက တနင်္လာနေ့တွင် ပြောကြားသည်။

ပျက်စီး

ယင်းဒေသတွင် ဇန်နဝါရီ ၁၄ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်ထိတိုင်အောင် အအေးရက်ကြာရှည်မှုကြောင့် ကျွဲ၊နွား ကောင်ရေ ၅၅၀၀၀ခန့် သေဆုံးရပြီး စပါးစိုက်ခင်းသစ် ဟက်တာ ၁၄၆၁၅၀ နှင့် အခြားသီးနှံများ ဟက်တာ ၁၀၀၀၀ ပျက်စီးရကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

၎င်းအအေးကာလ၌ ဘက်ကင်ပြည်နယ်တွင် ကျွဲ၊နွား ၅၅၇၁ ကောင်နှင့် ကွင့်ဘင့်ချ်ပြည်နယ်တွင် ကျွဲ၊နွား ၂၂၆၄ကောင် သေဆုံးရပြီး သန့်ချ်ဟွာပြည်နယ်တွင် ဆန်စပါး ဟက်တာ ၄၆၀၀၀နှင့် ဖူသိုပြည်နယ်တွင် ဆန်စပါးဟက်တာ ၁၁၃၀၀ ပျက်စီးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် အစွန့်ရှည်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းအောင်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၀)သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးညီထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ကျောင်းအုပ်ကြီး ဦးအောင်ဆန်းဝင်း၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အနာဂတ်အတွက် အရေးပါဆုံး အရင်းအမြစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးနေကြသည့် အခြေခံပညာ ဆရာ၊ ဆရာမများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများမှာ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ်အလားအလာများနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေခြင်းအားဖြင့် ဆရာ၊ ဆရာမများအတွက်သာမက ကျောင်းသား၊ ကျောင်းသူလူငယ်များနှင့် တကွ နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မျှော်လင့်ထားကြောင်း။

ယခင် ခေတ်ကာလများက ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို မြို့ကြီးပြကြီးများ၌သာ အခြေစိုက်ထားခဲ့သော်လည်း ယခုအခါ နယ်စပ်ဒေသ အစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများအထိ ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်သည့် အခြေအနေအချိန်အခါကောင်းမှာ ဆရာ၊ ဆရာမများအားလုံးက ယခုအခွင့်အရေးကို ထိရောက်အကျိုးရှိစွာအသုံးချနိုင်သည်နှင့်အမျှ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်မည်ဖြစ်သည့်အပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများပါ တစ်ချိန်တည်းတစ်ပြိုင်တည်း အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏စာသင်ကျောင်းများ ကောင်းမွန်ရေးနှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရန် စည်းရုံးဦးစီးဦးဆောင်ပြုလုပ်ရမည့်အပြင် ပညာရေး အရည်အသွေးမြင့်မားရေးအတွက်လည်း အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဆရာ၊ ဆရာမများကိုယ်တိုင် ပညာရပ်ဆိုင်ရာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းပြီး မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အမှန်တကယ်တတ်မြောက်အောင်၊ လိမ္မာရေးခြားရှိအောင်၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းနှင့် နိုင်ငံတော် တရားဥပဒေတို့ကို လေးစားလိုက်နာတတ်အောင်၊ မျိုးချစ်စိတ်ရှိအောင်၊ အမျိုးအနွယ် စောင့်သိတတ်အောင် ငယ်စဉ်အခါက သင်ကြားပေးပါမှ အရွယ်ရောက်လာသည့်အခါ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့်၊ ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံသားကောင်း၊ သမီးမွန်များဖြစ်လာမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများကိုယ်တိုင် နိုင်ငံတော်အပေါ် အားထားယုံကြည်သည့် စိတ်ဓာတ်၊ နိုင်ငံ့ကောင်းကျိုးအတွက် မိမိတို့တတ်စွမ်းသည့်ကဏ္ဍက စွမ်းဆောင်ပေးစေလိုသည့် စိတ်ဓာတ်တို့ ပြည့်ဝခိုင်မာရန် အရေးကြီးပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရ၏ ပြည်သူများအကျိုး ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်၏ မူဝါဒနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို မိမိတို့တာဝန်ကျရာဒေသရှိ ပြည်သူများ ရှင်းလင်းစွာသိရှိအောင်၊ ကျောင်းသား၊ ကျောင်းသူလူငယ်များလည်း သိမြင်သဘောပေါက်အောင်၊ အထူးသဖြင့် အပြုသဘောနှင့် အဖျက်သဘော၊ အကျိုးနှင့်အပြစ်၊ တည်ဆောက်မှုနှင့် ဖျက်ဆီးမှုတို့၏ သဘာဝ ကွဲပြားခြားနားမှုကို သိမြင်နားလည်စေရန် စည်းရုံးဦးဆောင်ပေးကြရန်လိုကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ် အစွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုရ ကျောင်းသားအမှတ် F–၃၀ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်း ကျောင်းအုပ် ဦးလရိန်နှင့် သင်တန်းသူစံပြဆုရ ကျောင်းသူအမှတ် A–၁၈၈ စစ်ကိုင်းတိုင်း၊ ရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စောမြတ်နွယ် တို့အားလည်းကောင်း၊ သင်တန်းသားဖွဲ့လုံ့လဆုရ ကျောင်းသားအမှတ် F–၁၃၂ စစ်ကိုင်းတိုင်း ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးကျော်ကျော်ဟန်၊ သင်တန်းသူဖွဲ့လုံ့လဆုရ ကျောင်းသူအမှတ် E–၁၆၁ မကွေးတိုင်း အောင်လံမြို့နယ် အောင်မြေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သန်းသန်းဝင်းနှင့် ကျောင်းသူအမှတ် E–၄၈ မကွေးတိုင်း သရက်မြို့နယ် မြို့လှရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဒေါ်ခင်မမတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမှတ်(၁) အဆောင်(၈)နှင့် သင်တန်းသူတပ်ခွဲ အမှတ်(၇)အဆောင်(၂)တို့ကိုယ်စား အဆောင်ခေါင်းဆောင်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များထံ ပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ သင်တန်းသား ၂၂၁ဦး၊ သင်တန်းသူ ၁၃၁၆ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ငါးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသားစံပြဆုရ မြစ်ကြီးနားမြို့ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးလရိန်အားဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ယာဉ်၊ လမ်းစည်းကမ်း ပညာပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(မြောက်ပိုင်း)ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးသိန်းဦးနှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၄ရက်က တိုက်ကြီးမြို့နယ်၌ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင် ဖြေဆိုသူများအပါအဝင် စုစုပေါင်း ၇၁ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောစဉ်။
(သတင်းစဉ်)

ပုဂံညောင်ဦးအသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ဗဟန်းမြို့နယ် (၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေနေချုပ်ရုံး ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က ငါးဘာသာဂုဏ်ထူးရှင် မောင်စိုးမိုးသာအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က–ပ)

ပဲခူးတိုင်း ဇရပ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်း ဇရပ်ကြီးမြို့နယ် အင်ကြင်းသာရပ်ကွက်နေ အဘ ဦးတုတ်ကြီး၏သား ဦးစံဝင်း အသက်(၅၀)သည် ဝါးခုတ်ရန် တောတွင်းသို့ သွားရောက်စဉ် တောတွင်းတစ်နေရာအရောက်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဦးစံဝင်း၏ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်ကာ ညာဘက်ပေါင်မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

မိုင်းထိဒဏ်ရာရရှိသည့် ဦးစံဝင်းအား တာဝန်ရှိသူများက ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုပေးရန် သယ်ဆောင်လာစဉ် ညနေ ၆ နာရီတွင် နေအိမ်သို့အရောက် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၂–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"မဟာပဋ္ဌာန်းဝိပဿနာ"တရားတော် (အာရုမ္မဏပစ္စည်း) (ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ)
၈း၁၅–၂း၁၅	နိဗ္ဗာန်ဆီသို့…… အမေးအဖြေများ
၈း၃၅–၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀–၂း၄၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၅–၃း၀၅	သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့)
၉း၁၅–၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅–၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀–၃း၃၀	သွားမယ် စားမယ် (Bua Thai Restaurant)
၉း၅၀–၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅–၃း၅၅	စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
၁၀း၁၅–၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀–၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅–၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၅–၄း၃၅	ကာကွယ်ကယ်ဆယ်မီးဘေးအန္တရာယ်(အပိုင်း–၂)
၁၁း၀၅–၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅–၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀–၅း၂၀	**ကြာဖက်ပေါ်ကရေ (ရာဇာနေဝင်း၊စိုးမြတ်နန္ဒာ) [ဒါရိုက်တာ–မောင်မျိုးမင်း(ရင်တွင်းဖြစ်)]**
၁၁း၃၅–၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀–၅း၄၀	လုပချစ်စရာအိမ်တွင်းမှုပညာ (ချည်သားပိုက်ဆံအိတ်ပြုလုပ်ပုံအဆင့်ဆင့်)
၁၁း၅၅–၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀–၆း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "မျက်ရည်တံခါး"
၁၂း၃၀–၆း၃၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၂း၅၀–၆း၅၀	တေးဂီတအစီအစဉ်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✻ ကျောဖုံးမှ

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission (NDRC) မှ Director General Mr. Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု လည်း တက်ရောက်သည်။

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Power Investment Corporation (CPI) မှ Vice President Mdm, Zhang Xiaolu တို့သည် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ခြင်း ဆိုင်ရာ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရတင်အောင်မြင့်ဦး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ NDRC မှ Director General Mr. Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ်မြို့နယ် မုံးပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အတူ ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီတွင် ကမ္ဘောဇဘဏ်(မူဆယ်ဘဏ်ခွဲ)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့က ကမ္ဘောဇဘဏ်(မူဆယ်ဘဏ်ခွဲ)ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မူဆယ်မြို့နယ် ရွှေလီ ရိပ်သာ၌ မူဆယ်ခရိုင်နှင့် မူဆယ်နှင့် နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် များအား တွေ့ဆုံ၍ ဒေသ၏ဖွံ့ဖြိုး တိုးတက်မှုများကို ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာရှိ ငြိမ်းအေးမြေခန်းမ၌ ကျင်းပသည့် မုံးပေါ်တိုက်နယ် ဆေးရုံအတွက် ဆေးရုံ သုံးပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က မအေးချမ်းမီကာလနှင့် ငြိမ်းချမ်းရေး ရရှိပြီးနောက်ပိုင်း စိုက်ပျိုးရေး၊ ပညာ ရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ် ရေး တိုးတက်ဖြစ်ထွန်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား ကာ ဒေသခံပြည်သူများအတွက် အမှတ် တရလက်ဆောင်ပစ္စည်းများကို ပေးအပ် သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မုံးပေါ်ဒေသ တိုင်းရင်းသား အဖွဲ့က ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ မွေးဖွားခန်းသုံးကိရိယာများ၊ အစာအိမ် နှင့် အူလမ်းကြောင်း ခွဲစိတ်ကိရိယာ၊ အောက်စီဂျင်နှင့် ခွဲစုပ်စက်များနှင့် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်း ရာ တိုင်းမှူးက လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးပေါ် ကျေးရွာရှိ ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ မိုင်းဖန်ကျေးရွာရှိ တောင်သူ ဦးဘရန် ရှောင်၏လယ် ၁၃သမ၈ ဧက၌ ကန်ယူ ၈၂၇ စပါးမျိုး စိုက်ပျိုးထားမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ၁၆ ခုတင်ဆံ့ မုံးပေါ် တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဆေးရုံတက် လူနာများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံးပေါ် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ရှိ စာသင်ခန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆရာ၊ ဆရာမများအား ဝတ်စုံများနှင့် ကျောင်း အတွက် ကွန်ပျူတာနှစ်စုံကို ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ကာကွယ်ရေးမှ

ရေစိမ့်တား ကွန်ကရစ်နံရံ တည် ဆောက်မှုလုပ်ငန်း၊ ရေလွှဲဥမင် တည် ဆောက်မှုလုပ်ငန်း၊ ပင်မတာမံ တည် ဆောက်မှုလုပ်ငန်း၊ ရေအားလျှပ်စစ် ဥမင်လိုဏ်နှင့် အဆောက်အအုံ တည် ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲ တည် ဆောက်မှုလုပ်ငန်း၊ ရေလွှဲဆည် တည် ဆောက်မှုလုပ်ငန်းနှင့် မြို့ကြီး မြောင်းမတော် ဖောက်လုပ်မှုလုပ်ငန်း များ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလ အတွင်း လုပ်ငန်းများကို စံချိန်စံညွှန်းနှင့် အညီ ပြီးစီးရေးဆောင်ရွက်ရန် မှာကြား ကာ ရှုရပ်မှ ရေလှောင်တမံ တည် ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရေလွှဲဥမင်လိုဏ် (အဝင်) ပိုင်း ဖောက်လုပ်ပြီးစီးမှုနှင့် ပင်မတာမံ မြေဖို့ခြင်းလုပ်ငန်းအား စက်ယန္တရား များဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြား သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံ စီမံကိန်းမှာ ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဘိလပ် မြေသရွတ်မှုတ်ခြင်း လုပ်ငန်းများ အားလုံးပြီးစီးပြီဖြစ်သည်။ အလျား ၄၆၈ မီတာ၊ အချင်း ၁၈ပေရှိ ရေလွှဲဥမင် ဖောက်လုပ်မှုလုပ်ငန်းသည် ပြီးစီး လျက်ရှိပြီး သံမဏိခုံးထောင် လုပ်ငန်း ၄၈၄ ခုံး ပြီးစီးပြီဖြစ်ကြောင်း သိရှိရ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက် ဆည်မြို့နယ် သံရွာ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံရှိ ဆေးသိုလှောင် ခန်း၊ အမျိုးသမီးလူနာဆောင်၊ သားဖွား ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသား လူနာ ဆောင်၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် တာဝန်ရှိသူ များက လိုက်လံရှင်းလင်း ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များကို မှာကြားကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖန်ကျေးရွာရှိ တောင်သူ ဦးဘရန်ရှောင်၏ လယ်မြေ၌ ကန်ယူ ၈၂၇ စပါးမျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၀၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ မောင်နီဝင်း၊ သာကီ ဟိန်း (တကောင်း)၊ အောင်တင်သိုက်၊ ချမ်းမြဆောင်း(ကလော)၊ အေးကြည် စိန်၊ နုချော(ဥက္ကလာ)၊ စွမ်းဝေ(ဇီးကုန်း)၊ မောင်တိုးခင်(ကြည့်ကန်)၊ ကြည်တင့် နိုင်၊ ခမ်းစုဝင်းကြည်(သီပေါ)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ထွန်းဦးတင်၊ မောင်ဝင်းရည်၊ လှိုင်မြင့်ဦး၊ တက္ကသိုလ်မောင်မောင်လှိုင်၊ မြင်းမူ ဦးအောင်မြင့်သိန်း၊ ရွှေဘိုသီရိမာလာ၊ ဦးခင်မောင်တင်(မဟာဝိဇ္ဇာ)၊ သာနိုင် အောင်(ကျိုက်မရော)၊ ရွှေစိုးအိမ်၊ တက္ကသိုလ်စိုးယဉ်၊ သာရဝေါစိုးကြည်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စေတနာ လှိုင်(ရေစကြို)၊ ယောဂီတိုးအောင်၊ ပြေအေး(မြင်းမူ)၊ မောင်လူဝေး၊ ကိုသက်(ဇီးကုန်း)၊ ခနတ်ဟိဏ်းဇော် တို့၏ ဆောင်းပါးများ၊ စစ်ကိုင်း စိမ်းစိမ်း၊ ရွှေဘိုဘမထီခင်အောင်၊ ထွန်းထွန်း(သာယာဝတီ)၊ ဖိုးသား (ဟိုပင်)၊ ကိုဇော်ဝင်း(လှတော)၊ မနွယ် (ကလော)၊ ပုသိမ်ရန်နောင်စိုး၊ ဝါဝါ (အင်းစိန်)၊ မသန်းလွင်(ဟဲဟိုး)၊ သွဲ့ထားညို(သက္ကလ)၊ တက္ကသိုလ် မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည် များ၊ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍ၊ ပုံပြင်များ၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတရသစုံလင်စွာ တင်ဆက်ထား သည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ ဂုဏ်ရည်စာပေတိုက်(၁)၊ အမှတ်(၅၂၉/ ၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေ တိုက်(၂) အလက(၁) ရန်ကင်းဆရာ အတတ်သင်သိပ္ပံရှေ့၊ ဖုန်း-၇၂၅၃၀ နှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့နယ် အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင် လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရ သည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးကုသဆောင်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကင်း ပြည်သာယာ(တာမွေလေး၊ သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း တွင် သွားအထူးကု၊ ကလေးအထူးကု၊ အပ်စိုက်အထူးကု၊ အကြောနှင့် ပြန်လည်သန်စွမ်းရေးအထူးကု၊ မျက်စိ အလင်းဒါနနှင့် အထွေထွေဝေဒနာရှင် တို့အား နေ့စဉ်ပိတ်ရက်မရှိ ကုသ ပေးလျက်ရှိရာ ဝေဒနာရှင်တို့၏ လိုအပ် ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆေးကုသဆောင် အမှတ်(၂) သုံးထပ် ဆောင်ဆောက်လုပ်မည်ဖြစ်ရာ ပါဝင် လှူဒါန်းလိုသော အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၈ (ကြာသပတေးနေ့)

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(စိတ်ကြိုက်မြန်မာစာ)
၅:၁၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၅ ၆။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅:၄၅ ၇။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ တေးဂီတအစီအစဉ်
၆:၄၅ ၁၁။ **"မီးမီးရဲ့ဆုံးဖြတ်ချက်" နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
၆:၅၅ ၁၂။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁၁)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း"(အပိုင်း-၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

သည်မိုး သည်လေ သည်လူတွေနဲ့

စာဖတ်သူတစ်ဦး

၁၉၈၈ ခုနှစ်ကနေ ဒီနေ့အထိ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေရတဲ့ အခြေအနေဖြစ်တယ်ဆိုတာ အားလုံးအသိပါပဲ။ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့စနစ်ဟာ ဆိုရှယ်လစ်စနစ်ဖြစ်ပါတယ်။ အဲဒီ ဆိုရှယ်လစ်စနစ် ကျင့်သုံးမှုကို မလိုလားကြတော့တဲ့အတွက် ပြည်သူလူထုက ပါတီစုံ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ ဆန္ဒပြုခဲ့ကြပါတယ်။

ပြည်သူလူထုရဲ့ ရိုးသားဖြောင့်မှန်တဲ့ အဲဒီဆန္ဒကို လက်ဝဲလက်ယာ နိုင်ငံရေးသမားတွေက အလွဲသုံးစားပြုပြီး ၎င်းတို့ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် ဆူပူအုံကြွ အကြမ်းဖက်မှုတွေဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်ခဲ့ကြတယ်။ တိုင်းပြည်မှာ မင်းမဲ့စရိုက်တွေ ထူပြောပြီး တစ်မျိုးသားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင် ပျောက်လုနီးပါး ဖြစ်ခဲ့ရတယ်။ သူတစ်လူ ငါတစ်မင်းနဲ့ ထိန်းမနိုင်သိမ်းမရ အခြေအနေတွေ ဖြစ်ပွားလာတာကြောင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရတော့မတတ် ဖြစ်ခဲ့ရတယ်။

တပ်မတော်က နိုင်ငံတော် တာဝန်အရပ်ရပ်ကို မလွှဲသာ မရှောင်သာဘဲ ထိန်းသိမ်းရယူခဲ့ရတယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနဲ့ အာဏာပိုင် အဖွဲ့အစည်းအရပ်ရပ်ကို ဖျက်သိမ်းပေးခဲ့တယ်။ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးခဲ့တယ်။ ပွဲလန့်တုန်း ဖျာဝင်ခင်းကြတဲ့ နိုင်ငံရေးသမားတွေနဲ့ တောကြောင် အဖျက်သမားတွေရဲ့ ဆူပူသောင်းကျန်းမှုတွေကို နှိမ်နင်းခဲ့ရတယ်။

အဲဒီအချိန်မှာ တစ်ပါတီ ဦးဆောင်မှုစနစ်ကို အခြေပြု ရေးဆွဲထားတဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပျက်ပြယ်သွားခဲ့ပြီဖြစ်တယ်။ ပြည်သူရဲ့ အဓိကလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုဖြစ်သလို နိုင်ငံတော်ရဲ့ ပဓာန လိုအပ်ချက်ဟာ ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်တယ်ဆိုတာ မှန်ကန်ပြီး သဘာဝကျတဲ့ ဖြစ်စဉ်တစ်ခုပါပဲ။

ဒါကြောင့်မို့ **တပ်မတော်အစိုးရဟာ နိုင်ငံတော်မှာ မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကိုဦးတည်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့မှာ ကျင်းပပေးခဲ့တယ်။ အဲဒီမတိုင်မီ ၂၇-၉-၈၈ ရက်နေ့မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီ ဥပဒေအရ ကော်မရှင်မှာ မှတ်ပုံတင်ခဲ့တဲ့ ပါတီပေါင်း (၂၃၅) ပါတီအထိ ရှိခဲ့တယ်။**

အဲဒီလို နိုင်ငံရေးပါတီတွေ ကမ္ဘာ့စံချိန်တင်လောက်အောင် မှတ်ပုံတင်ဖွဲ့စည်းနိုင်ခဲ့ကြပေမယ့် တပ်မတော်အစိုးရက ကျင်းပပေးမယ့် ရွေးကောက်ပွဲဟာ တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်မှာမဟုတ်ဘူးလို့ အာဏာကို ဖြတ်လမ်းနည်းနဲ့လိုချင်ကြတဲ့ နိုင်ငံရေးဝိသမသမားတွေက အမျိုးမျိုးစွပ်စွဲ ပုတ်ခတ်ခဲ့ကြတယ်။ ပြည်ပမှ ဝင်ရောက်စွက်ဖက်ခြေရှုပ်လာအောင်လည်း ရေလာမြောင်းပေး လုပ်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းက သူတို့ ကြောက်ကန်ကန်နေတဲ့ အဓိကအကြောင်းရင်းဟာ ဘာလဲ၊ ရွေးကောက်ပွဲမှာ သူတို့ပါတီ အနိုင်မရမှာစိုးလို့ပါပဲ။

ရွေးကောက်ပွဲကော်မရှင်က ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရှိတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အချင်းကို သမာသမတ်ကျကျနဲ့ ဖြောင့်မတ်မှန်ကန်စွာ ပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီအရည်အချင်း သတ်မှတ်ချက်ဟာ မြန်မာ့လွတ်လပ်ရေးရရှိဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားလုံးနဲ့ ညှိနှိုင်းသဘောတူပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ သတ်မှတ်ချက်အတိုင်းပဲဖြစ်တယ်ဆိုတာ အားလုံး အသိပါပဲ။

ထို့အတူပဲ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အဲဒီ ပြဋ္ဌာန်းချက်အတိုင်း ဆက်ခံကျင့်သုံးခဲ့တယ်။ ဒါဟာ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံမှာ ကိုလိုနီနယ်ချဲ့ရဲ့ ရုပ်သေးရုပ်တွေ အချုပ်အခြာအာဏာကို အလွဲသုံးစား မပြုလုပ်နိုင်ဖို့အတွက် အမြော်အမြင်ကြီးစွာနဲ့ သတ်မှတ်ပြဋ္ဌာန်းခဲ့တယ်ဆိုတာ အမျိုးသားရေးစိတ်ဓာတ်ရှိသူတိုင်း သဘောပေါက်ကြပါတယ်။

ဒါပေမယ့် အမျိုးသားနိုင်ငံရေးကို အလေးမထားဘဲ ပါတီနိုင်ငံရေးကိုသာ သဲကြီးမဲကြီးဖြစ်နေကြတဲ့ နိုင်ငံရေး ဝိသမလောဘသမားတွေက အဲဒီပြဋ္ဌာန်းချက်ကိုမလိုလားဘဲ တူးတူးခါးခါး ဆန့်ကျင်ဝေဖန် ပုတ်ခတ်ခဲ့ကြတယ်။ ပြည်သူလူထုက အဲဒီပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီး တုတ်တုတ်မျှမလှုပ်တဲ့အတွက် ပါတီနိုင်ငံရေးသမားတွေ အသာလျှိုပြီး ရွေးကောက်ပွဲ ဝင်ရောက်ခဲ့ကြတာ အားလုံးမှတ်မိကြဦးမှာဖြစ်တယ်။

သူတို့ရဲ့အကြံအစည်က ရွေးကောက်ပွဲမှာ အနိုင်ရအောင်နည်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ်ပြီး လွှတ်တော်ခေါ်မယ်၊ အဲဒီလွှတ်တော်မှာ အနိုင်ရပါတီက လက်ဝါးကြီးအုပ်ပြီး သူတို့စိတ်ကြိုက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမယ်၊ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခုနက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်သတ်မှတ်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းကို ပယ်ဖျက်ပြီး လိုရာဆွဲ ရေးသားမယ်ဆိုတဲ့ မကြံကောင်း မစည်ရာဘဲ ဖြစ်တယ်။

၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့မှာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အလွတ်လပ်ဆုံးနဲ့ တရားအမျှတဆုံးဖြစ်အောင် ကျင်းပပေးခဲ့တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့တဲ့ ၁၉၉၀ပြည့်နှစ် ကာလမှာ မြန်မာနိုင်ငံရဲ့လူဦးရေဟာ ၄၂သန်းမျှသာ ရှိတယ်။ အဲဒီတုန်းကအသက်(၁၈)နှစ်ပြည့်လို့ မဲပေးပိုင်ခွင့်ရှိသူ လူဦးရေဟာ သန်း ၂၀ကျော် (၂၀၁၈၁၃၁၃) ဦး ဖြစ်တယ်။ တစ်နိုင်ငံလုံးမှာ မဲဆန္ဒနယ် ၄၉၂နယ် သတ်မှတ်ထားပေမယ့် လုံခြုံရေးအခြေအနေကြောင့် မဲဆန္ဒနယ် ၄၈၅နယ်မှာသာ ရွေးကောက်ပွဲကျင်းပနိုင်တယ်။ ရွေးကောက်ပွဲကို လာရောက်မဲဆန္ဒပေးခဲ့သူ လူဦးရေဟာ ၁၅သန်းကျော်(၁၅၁၁၂၅၂၄) ဦးသာ ရှိခဲ့တယ်။ ဒါကြောင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းဟာ ၇၂ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်တယ်။ အဲဒီအနက်မှ NLD ကိုယ်စားလှယ်တွေဟာ မဲရှစ်သန်းနီးပါး (၇၉၃၄၆၂၂)ရပြီး အနိုင်ရသွားတယ်။ အဲဒီ မဲအရေအတွက်ဟာ ထိုစဉ်က လူဦးရေ ၄၂သန်းအနက် အနည်းစုရဲ့ ထောက်ခံမှုသာ ဖြစ်တယ်ဆိုတာ မှတ်တမ်းမှတ်ရာတွေ အထင်အရှားရှိထားပါတယ်။

> **အမျိုးသားညီလာခံကို အချိန်ကန့်သတ်ချက် (Time Frame) မရှိဘူးဆိုပြီး တစ်လျှောက်လုံး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်း ပြည်ပ အဖျက်သမားတွေဟာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးပြန်တော့လည်း သူတို့ရဲ့ နိုင်ငံရေး ဝိသမလောဘကို အတောမသတ်နိုင်ခဲ့ပါဘူး။ အမျိုးသားညီလာခံကြီးက ညှိနှိုင်း ချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့် မူတွေဟာ ဘယ်လောက်ပဲ နိုင်ငံတော်နဲ့ ပြည်သူအတွက် ကောင်းကောင်း၊ သူတို့အတွက် မကောင်းဘူးလို့ အတင်းသတ်မှတ်ပြီး နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုရလဒ်ဟူသမျှကို ပယ်ဖျက် ဆန့်ကျင်ချင် နေကြတာပဲဖြစ်တယ်။**

ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ NLD အပါအဝင် အခြားပါတီတွေက အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေရဲ့ အဓိကတာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးပဲဖြစ်တယ်ဆိုတာ သာမန်ပြည်သူတွေတောင် သိထားတဲ့အချက်ပါပဲ။

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၉၃ ပါတီရှိတယ်။ ပါတီအသီးသီးရဲ့ သဘောထားကြေညာချက်တွေကို ထုတ်ပြန်ကြေညာခဲ့ရာမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်သုံးစွဲမယ်လို့ ဖော်ပြခဲ့တဲ့ ပါတီ ခုနစ်ပါတီရှိတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သုံးစွဲမယ်လို့ဖော်ပြတဲ့ နိုင်ငံရေးပါတီ မရှိခဲ့ဘူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲမယ်လို့ ဖော်ပြထားတဲ့ နိုင်ငံရေးပါတီ ၃၁ ပါတီရှိပြီး အခြေခံဥပဒေသစ်ရေးဆွဲမယ်လို့ ယူဆနိုင်တဲ့ နိုင်ငံရေးပါတီ ၄၄ ပါတီရှိတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စပ်လျဉ်းပြီး သဘောထားလုံးဝ ဖော်ပြခြင်းမရှိတဲ့ နိုင်ငံရေးပါတီက ၁၁ ပါတီရှိတယ်။

တိုင်းရင်းသားပါတီများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့က (၈)ပြည်နယ်မူဖြစ်ပြီး မရာပြည်သူ့ပါတီက (၁၀)ပြည်နယ် ထားရှိဖွဲ့စည်းဖို့ဆိုတဲ့ ပြည်နယ်ဖွဲ့စည်းရေးသဘောထားများကို ဖော်ပြခဲ့ကြတယ်။

ဒါ့အပြင် အမျိုးသားညီညွတ်ရေးကွန်ဂရက်၊ ဒီမိုကရက်တစ်လူ့အခွင့်အရေးပါတီ၊ လွတ်လပ်သော မြန်မာပြည်သူများအဖွဲ့ချုပ်၊ အမျိုးသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီတို့က လေးပါတီအဖြစ်မှ တစ်ပါတီတည်းဖြစ်အောင် ဖွဲ့စည်းခဲ့တယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ NLD က တစ်ပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံကို ခေါ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ညှိနှိုင်းတဲ့ကာလမှာ အဓိက အချက်နှစ်ချက် တောင်းဆိုဖို့ပဲဖြစ်တယ်။ ပထမတောင်းဆိုချက်က ဘာသာရေးကိုအခြေခံပြီး လူမျိုးစုတစ်စု ထူထောင်ခွင့်ပြုရေးဖြစ်တယ်။ ဒုတိယတောင်းဆိုချက်ကတော့ ထိုလူမျိုးစုများ အများစုနေထိုင်ရာ ဒေသတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးရေးဖြစ်တယ်။ အလားတူ လူမျိုးစုအသစ်၊ ပြည်နယ်အသစ်တောင်းဆိုမှုတွေဟာ အဲဒီတုန်းက နိုင်ငံရေးပါတီများ အကြားမှာ ရေပန်းစားခဲ့တယ်။

အဲဒီလှုပ်ရှားဆောင်ရွက်မှုတွေကိုကြည့်ရင် ပြည်သူလူထုရဲ့ ပါတီစုံ ဒီမိုကရေစီစနစ်လိုလားမှုကို ခုတုံးလုပ်ပြီး တစ်နေ့မှာ ပြည်ထောင်စုဖြိုခွဲရေး အထိ အကြံအစည်တွေရှိနေတယ်ဆိုတာ လူတိုင်း သဘောပေါက်နိုင်ပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရဟာ ရွေးကောက်ပွဲကျင်းပပြီးတာနဲ့ မရှေးမနှောင်းမှာပဲ အနာဂတ်နိုင်ငံတော်ကို ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆောက်နိုင်ရေးရည်မှန်းပြီး ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့မှာ ကြေညာချက်အမှတ် (၁/၉၀)ကို ထုတ်ပြန်ခဲ့တယ်။ အဲဒီကြေညာချက်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်ကြရမယ့် လုပ်ငန်းတာဝန်တွေကို ညွှန်ပြထားတယ်။

ဒါ့အပြင် **"နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်သူ့လွှတ်တော်တစ်ရပ်ပေါ်ပေါက်ရုံဖြင့် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာဟူသော အချုပ်အခြာအာဏာ (၃)ရပ်ကို အလိုအလျောက် မရရှိဘဲ အခြေခံဥပဒေတစ်ရပ်အပေါ် အခြေခံပြု၍သာ ရယူနိုင်ကြောင်း"** ဟူ၍လည်းကောင်း၊ ယင်းအခြေအနေအရ **"ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်"** ဟူ၍လည်းကောင်း၊ **"ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ နိုးကြားလာသော တိုင်းရင်းသားလူမျိုးများ အများအပြားရှိရာ ၎င်းတို့၏ ဆန္ဒသဘောထားကို ညှိနှိုင်းရယူပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်နေသည်"**ဟူ၍လည်းကောင်း ရှင်းလင်းစွာ ဖော်ပြအသိပေးခဲ့တယ်။

ဒါပေမယ့် ဒီယုန်မြင်လို့ ဒီချုံထွင်ချင်တဲ့ NLDကတော့ ပြည်သူ့လွှတ်တော်ကို စက်တင်ဘာလအတွင်း ခေါ်ယူပေးရမယ်၊ သူတို့တစ်ဖက်သတ် ရေးဆွဲထားတဲ့ ၁၉၉၀ ပြည့်နှစ် ယာယီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ အာဏာလွှဲပြောင်းပေးရမယ်၊ ပြည်သူ့လွှတ်တော်မှာ အာဏာရရှိပြီးမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ပြည်သူ့လွှတ်တော်ကဆက်လက်ရေးဆွဲမယ်ဆိုတဲ့ တောင်းဆိုချက်တွေ ပါဝင်တဲ့ ဂန္ဒီခန်းမ ကြေညာစာတမ်းကို ထုတ်ပြန်တောင်းဆိုခဲ့တယ်။

အဲဒီ ဂန္ဒီခန်းမကြေညာစာတမ်းက
ရက်နဲ့ ၂၉ ရက်နေ့မှာ NLD ပါတီမှ
အစည်းအဝေးလုပ်ပြီး ဆုံးဖြတ်တောင်
၁၉၉၀ ပြည့်နှစ်အတွင်းမှာပဲ NL
ဆူပူအုံကြွမှုဖန်တီးပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့
တော့ အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌ
ဝမ်းကွဲ)နဲ့ NLD ကိုယ်စားလှယ်ရှစ်ဦး
၁၁ ဦးတို့ဟာ ဥပဒေကို ကျောခိုင်းပြီး
ထွက်ပြေးတယ်။ ပြည်ပြေးစိန်ဝင်းက
အစည်းအဝေး ခေါ်ယူပြီး အမျိုးသာ
နိုင်ငံမှ NLDကိုယ်စားလှယ် ၂၅၀
ရေးထိုးပေးလိုက်ကြောင်း လိမ်လည်
ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ NCG
ထောင်ခဲ့တယ်။
၁၉၉၂ခုနှစ် ဩဂုတ်လ ၄ရက်နေ့မှ
အဖွဲ့တွေဖြစ်တဲ့ DAB (Democra
ပြည်ပြေးစိန်ဝင်းရဲ့ NCGUB နဲ့ ပြ
ပြီး မြန်မာနိုင်ငံ အမျိုးသားကောင်စီ
Union of Burma)ကို ဖွဲ့စည်းတယ်
စစ်ရေးနည်းလမ်းသာမက နိုင်ငံရေး၊
ဆန့်ကျင်တိုက်ခိုက်ဖို့ ရည်ရွယ်ချက်နဲ့
ကော်မတီ (Political Defiance C
ဇန်နဝါရီလမှာ ထပ်ဆင့်ဖွဲ့စည်းခဲ့တ
ဒီအဖွဲ့ကို KNU, DPNS, ABS
ပြီး နိုင်ငံတော်နဲ့ ပြည်သူလူထု ပူ
လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအတွင်
ဖြစ်ပေါ်ရန် လှုံ့ဆော်ခြင်း၊ ဒီဖြစ်ရပ်
သံတမန်ရေး ထိုးစစ် အရှိန်မြှင့်တင်
ပြည်တွင်းသို့ အကြမ်းဖက်ဖောက်ခွဲဖျ
ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့တ
ဖြစ်ပေါ်စေဖို့ အမာခံယူဂျီတွေ စေလွှတ်
က ၎င်းအဖျက်သမားတွေကို ယနေ့
အရေးယူနေရဆဲဖြစ်တယ်။
NLDက ဖွဲ့စည်းပုံအခြေခံဥပဒေ
ငြင်းဆန်ခဲ့လို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ
နှစ်နှစ်နီးပါး ဇာတ်မျောနေခဲ့တယ်။ ဒ
ချက်ကို မျက်ခြည်ပြတ်မခံတဲ့ တပ်မ
ဥပဒေသစ် ပေါ်ပေါက်ရေးအတွက် တ
တယ်။
၂၆-၃-၉၀ ရက်နေ့မှာ NLD
၎င်းတို့ရဲ့ ပါတီအထွေထွေအတွင်းရေးမှူ
များ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ (ဃ)နဲ့
ထုတ်ပယ်ကြောင်း တရားဝင်ကြေညာ
ဦးတင်ဦးကိုလည်း ပါတီမှ ထုတ်ပ
ဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးအောင်ရွှေ
ပြန်လည် ဖွဲ့စည်းခဲ့တယ်။
အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပ
ညီလာခံ ကျင်းပနိုင်ရေး ညှိနှိုင်းအစ
ဇွန်လနဲ့ ဇူလိုင်လအတွင်း ကျင်းပ
ရွေးချယ်ခံထားရတဲ့ နိုင်ငံရေးပါတီတွေ
ပုဂ္ဂလကိုယ်စားလှယ်တွေ စုစုပေါင်း
အဲဒီအစည်းအဝေးများမှာ အကျေအ
ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့ကို အ
အားလုံးသဘောတူဆုံးဖြတ်ခဲ့တယ်။
အမျိုးသားညီလာခံကို ၁၉၉၃ ခု
စတင်ကျင်းပတယ်။ NLD မှ
ကိုယ်စားလှယ် ၈၆ ယောက်နဲ့ ရှမ်း
အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များလည်း ပါ
ခဲ့ပြီး အမျိုးသားညီလာခံရဲ့ ဦးတည်ချ
အခြေခံရမည့်မူ(၁၀၄)ချက်တို့ကို အ
နိုင်ခဲ့ကြတယ်။
အမျိုးသားညီလာခံ ကျင်းပနေစ
စက်တင်ဘာလ ၂၀ ရက်နေ့မှာ နိုင်ငံ
သန်းရွှေဟာ ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့
ရက်နေ့မှာ နိုင်ငံတော်မှ တာဝန်ရှိသူမျာ
တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ဒီနောက်
ရက်နေ့မှာ ဒေါ်စုကြည်အပေါ် တားဆီး
ခဲ့တယ်။
ဒါပေမယ့် နောက်တစ်နေ့မှာ ဒေါ်
ပြုလုပ်ပြီး တွေ့ဆုံဆွေးနွေးရေး သို့
လမ်းနှစ်သွယ်အနက် ကြိုက်ရာရွေးရ
ပြောကြားတယ်။ အမျိုးသားညီလာခံက

အဲဒီ ဂန္ဒီခန်းမကြေညာစာတမ်းကို ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်နဲ့ ၂၉ ရက်နေ့မှာ NLD ပါတီမှ အရွေးချယ်ခံကိုယ်စားလှယ်တွေ အစည်းအဝေးလုပ်ပြီး ဆုံးဖြတ်တောင်းဆိုခဲ့တာဖြစ်တယ်။

၁၉၉၀ ပြည့်နှစ်အတွင်းမှာပဲ NLD ဟာ မန္တလေးမှာလူစုလူဝေးနဲ့ ဆူပူအုံကြွမှုဖန်တီးပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့ အားထုတ်ခဲ့တယ်။ မအောင်မြင်တော့ အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌစိန်ဝင်း (ဒေါ်စုကြည်၏ မောင်ဝမ်းကွဲ)နဲ့ NLD ကိုယ်စားလှယ်ရှစ်ဦး၊ တစ်သီးပုဂ္ဂလနှစ်ဦး စုစုပေါင်း ၁၁ ဦးတို့ဟာ ဥပဒေကို ကျော်ခိုင်းပြီး KNU ရဲ့ မာနယ်ပလောစခန်းကို ထွက်ပြေးတယ်။ ပြည်ပြေးစိန်ဝင်းက ၎င်းတို့ကိုနယ်စပ်မှာ လွှတ်တော်အစည်းအဝေး ခေါ်ယူပြီး အမျိုးသားညွန့်ပေါင်းအစိုးရဖွဲ့ဖို့ မြန်မာနိုင်ငံမှ NLDကိုယ်စားလှယ် ၂၅၀ က အာဏာပေးလွှဲအပ်လက်မှတ်ရေးထိုးပေးလိုက်ကြောင်း လိမ်လည်ကြေညာပြီး ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ NCGUB ကို ဖွဲ့ကာ စင်ပြိုင်အစိုးရ ထောင်ခဲ့တယ်။

၁၉၉၂ခုနှစ် ဩဂုတ်လ ၄ရက်နေ့မှာ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့တွေဖြစ်တဲ့ DAB (Democratic Alliance of Burma)၊ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB နဲ့ ပြည်ပြေး NLDအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB(National Council Union of Burma)ကို ဖွဲ့စည်းတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရကို စစ်ရေးနည်းလမ်းသာမက နိုင်ငံရေး၊ သံတမန်ရေး နည်းလမ်းတို့နဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ ရည်ရွယ်ချက်နဲ့ အာဏာဖီဆန်ရေး လူထုတိုက်ပွဲကော်မတီ (Political Defiance Committee) ကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှာ ထပ်ဆင့်ဖွဲ့စည်းခဲ့တယ်။

ဒီအဖွဲ့ကို KNU, DPNS, ABSDFအဖွဲ့တို့က ဦးဆောင်ဖွဲ့စည်းပြီး နိုင်ငံတော်နဲ့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှု မရှိစေဖို့ လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအတွင်း အာဏာဖီဆန်ရေးတိုက်ပွဲများ ဖြစ်ပေါ်ရန် လှုံ့ဆော်ခြင်း၊ ဒီဖြစ်ရပ်များနဲ့ ဆက်စပ်ပြီး စစ်ရေး၊ သံတမန်ရေး ထိုးစစ် အရှိန်မြှင့်တင်ခြင်းတို့ကို စီမံပြုလုပ်ခဲ့တယ်။ ပြည်တွင်းသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများ စေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့တယ်။ ပြည်တွင်းမှာ ဆူပူအုံကြွမှု ဖြစ်ပေါ်စေဖို့ အမာခံယူဂျီတွေ စေလွှတ်ပြီး လှုံ့ဆော်ခဲ့တယ်။ သက်ဆိုင်ရာက ၎င်းအဖျက်သမားတွေကို ယနေ့ထက်တိုင် ဖော်ထုတ်ဖမ်းဆီးပြီး အရေးယူနေရဆဲဖြစ်တယ်။

NLDက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးတာဝန်ကို လက်မခံဘဲ ငြင်းဆန်ခဲ့လို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ရေးဆွဲရေးလုပ်ငန်းစဉ်ဟာ နှစ်နှစ်နီးပါး ဇာတ်မျောနေခဲ့တယ်။ ဒါကြောင့် ပြည်သူတွေရဲ့လိုလားချက်ကို မျက်ခြည်ပြတ်မခံတဲ့ တပ်မတော်အစိုးရက ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ပေါ်ပေါက်ရေးအတွက် တာဝန်ယူ ရှေ့ဆောင်စည်းရုံးခဲ့ရတယ်။

၂၆-၃-၉၀ ရက်နေ့မှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ၎င်းတို့ရဲ့ ပါတီအထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်ဟာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ (ဃ)နဲ့ ငြိစွန်းမှုရှိနေလို့ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ကြောင်း တရားဝင်ကြေညာခဲ့တယ်။ NLD ဥက္ကဋ္ဌဖြစ်တဲ့ ဦးတင်ဦးကိုလည်း ပါတီမှ ထုတ်ပယ်ခဲ့ပြီး NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်တို့နဲ့ ပြန်လည် ဖွဲ့စည်းခဲ့တယ်။

အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးများကို ၁၉၉၂ ခုနှစ်၊ ဇွန်လနဲ့ ဇူလိုင်လအတွင်း ကျင်းပပေးတယ်။ NLD အပါအဝင် ရွေးချယ်ခံထားရတဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေ စုစုပေါင်း ၂၉ ဦး တက်ရောက်ကြတယ်။ အဲဒီအစည်းအဝေးများမှာ အကျေအလည် ညှိနှိုင်းဆွေးနွေးပြီးနောက် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့ကို အမျိုးသားညီလာခံသို့ ဖိတ်ကြားဖို့ အားလုံးသဘောတူဆုံးဖြတ်ခဲ့တယ်။

အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ စတင်ကျင်းပတယ်။ NLD မှ ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် ကိုယ်စားလှယ် ၈၆ ယောက်နဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက် ဆွေးနွေးညှိနှိုင်းခဲ့ပြီး အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆)ရပ်၊ ခေါင်းစဉ်(၁၅)ခု၊ အခြေခံရမည့်မူ(၁၀၄)ချက်တို့ကို အများသဘောတူ ဆုံးဖြတ်ချမှတ်နိုင်ခဲ့ကြတယ်။

အမျိုးသားညီလာခံ ကျင်းပနေစဉ်ကာလအတွင်း ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ အောက်တိုဘာလ ၂၈ ရက်နေ့မှာ နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ဒေါ်စုကြည်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ ဒီနောက် ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှာ ဒေါ်စုကြည်အပေါ် တားဆီးကန့်သတ်ခဲ့မှုများကို ရုပ်သိမ်းပေးခဲ့တယ်။

ဒါပေမယ့် နောက်တစ်နေ့မှာ ဒေါ်စုကြည်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး တွေ့ဆုံဆွေးနွေးရေး သို့မဟုတ် အလုံးစုံပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် ကြိုက်ရာရွေးရမယ်လို့ တရားဝင် ထုတ်ဖော်ပြောကြားတယ်။ အမျိုးသားညီလာခံကိုလည်း ဝေဖန်ပုတ်ခတ်ခဲ့တယ်။

၁၉၉၅ ခုနှစ် စက်တင်ဘာလမှာ အမေရိကန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် Ms. Medeline K Albright မြန်မာနိုင်ငံကို ရောက်လာပြီး နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ တွေ့ဆုံတယ်။ ပြန်လည်ထွက်ခွာမယ့်နေ့မှာ ဒေါ်စုကြည်နဲ့လည်း နှစ်ယောက်တည်း တွေ့ဆုံခဲ့တယ်။ နေ့လယ်ပိုင်းမှာ ဒေါ်စုကြည်ဟာ သတင်းဌာနတစ်ခုနဲ့တွေ့ဆုံပြီး အမျိုးသားညီလာခံနဲ့ ပတ်သက်တဲ့ ကြေညာချက် ထုတ်ပြန်မယ်လို့ ပြောကြားတယ်။

၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့မှာ ဒေါ်စုကြည်ရဲ့ ညွှန်ကြားချက်အရ အမျိုးသားညီလာခံတက်ရောက်နေတဲ့ NLD ပါတီကိုယ်စားလှယ်များဟာ အမျိုးသားညီလာခံကနေထွက်ခွာသွားကြတယ်။ ဒီလို NLD ရဲ့ အဖျက်အမှောင့်တွေကြောင့် အမျိုးသားညီလာခံကို ၁၉၉၆ခုနှစ်မှာ ခေတ္တရပ်ဆိုင်းခဲ့ရတယ်။

တကယ်လို့သာ NLD ပါတီအနေနဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွား၊ ပါတီတစ်ခုတည်းရဲ့ အကျိုးစီးပွားကိုမကြည့်ဘဲ နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားကိုသာ ရှေးရှုပြီး အမျိုးသားညီလာခံမှာ ဆက်လက်ပါဝင်ဆွေးနွေးခဲ့မယ်ဆိုရင် အဲဒီနှစ်ပိုင်းအတွင်းမှာပဲ အမျိုးသားညီလာခံပြီးဆုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လည်း ပေါ်ပေါက်ပြီးဖြစ်လို့ ဒီနေ့အချိန်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်နေနိုင်လောက်ပြီဖြစ်တယ်။

ဒီနေရာမှာ NLD နဲ့ ဒေါ်စုကြည်အနေနဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့အကျိုးစီးပွား၊ ပါတီတစ်ခုတည်းရဲ့ အကျိုးစီးပွားကိုသာ တစိုက်မတ်မတ် ကြည့်ခဲ့၊ ဦးစားပေးခဲ့တယ်။ အခုလို အမျိုးသားညီလာခံကနေ ထွက်ခွာသွားကြရတဲ့ အဓိကအကြောင်းက ဘာလဲဆိုရင် အမျိုးသားညီလာခံက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်မရှိတဲ့ အသေးစိတ်အခြေခံရမယ့်မူ (၁၂)ချက်ကို ချမှတ်ခဲ့လို့ပဲဖြစ်တယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့် မူတွေထဲမှာ ၁၉၄၇ခုနှစ်က ဒေါ်စုကြည်ရဲ့ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တင်ပြလို့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့ မူကြီး(၃)ရပ်ပါဝင်လာခဲ့လို့ပဲဖြစ်တယ်။

အဲဒီအခြေခံမူ(၃)ရပ်ကတော့–

- **နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို စောင့်ရှောက်ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏နိုင်ငံသားဖြစ်သူ၊**
- **နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကိုခံစားနိုင်ခွင့်ရှိသူ၊**
- **နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ**

အဲဒီ အသေးစိတ်အခြေခံရမယ့်မူ(၃)ရပ်ကို အမျိုးသားညီလာခံကို တက်ရောက်ခဲ့တဲ့ NLD ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် ကိုယ်စားလှယ် (၈၆)ဦးကိုယ်တိုင် အခြားညီလာခံကိုယ်စားလှယ်တွေနဲ့အတူ အများသဘောတူ ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ခဲ့ကြတာပဲဖြစ်တယ်။

ဒါပေမယ့် အဲဒီအသေးစိတ်အခြေခံရမယ့်မူ(၃)ချက်ကို ပယ်ဖျက်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကို အနောက်ဆရာကြီးများအလိုကျ မောင်ပိုင်စီးချင်တဲ့ ဒေါ်စုကြည်နဲ့ NLD ဟာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားကို ဦးတည်ရေးဆွဲနေတဲ့ အမျိုးသားညီလာခံကြီး ပျက်ပြားအောင် တစိုက်မတ်မတ် ဖျက်လိုဖျက်ဆီးလုပ်ခဲ့တယ်။ ပြည်တွင်းပြည်ပ အဖျက်သမားတွေနဲ့ လက်ဝါးချင်းရိုက်ပြီး ပြည်သူလူထုရဲ့မျက်နှာကို မထောက်ဘဲ နည်းမျိုးစုံ ကြိုးပမ်းလုပ်ဆောင်ခဲ့တယ်။

နိုင်ငံတော်နဲ့ပြည်သူတွေ အကျပ်အတည်းအခက်အခဲဖြစ်အောင် ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှု၊ စီးပွားရေးပိတ်ဆို့မှု၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု၊ ပြည်ပမှ ဝင်ရောက်အကျပ်ကိုင်ဖိအားပေးမှုတွေနဲ့ ဖျက်လိုဖျက်ဆီး လုပ်ခဲ့တာဖြစ်တယ်။

ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကတော့ ရှိရင်းစွဲ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ပေးမယ့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံကို တစ်ခဲနက် ထောက်ခံကြိုဆိုခဲ့ကြတယ်။

ပြည်ထောင်စုစနစ်ကို မလိုလားတဲ့ KNU သောင်းကျန်းသူတွေက ၁၉၉၈ခုနှစ်မှာ မဲသရောထကြေညာချက်ကိုထုတ်ပြန်ပြီး (၈)ပြည်နယ်မူကို ထပ်မံအသက်သွင်းဖို့ ကြိုးပမ်းခဲ့တယ်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားနဲ့ တစ်ပါတီအာဏာရရှိရေးကို ဦးစားပေးနေတဲ့ ဒေါ်စုကြည်နဲ့ NLD က အဲဒီမဲသရောထကြေညာချက်ကို နိုင်ငံရေးအပေးအယူ လုပ်နိုင်ဖို့အတွက် ထောက်ခံကြောင်း ကြေညာခဲ့တဲ့အထိ နိုင်ငံရေး သရုပ်ပျက်ခဲ့တယ်။

ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အပါအဝင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကတော့ ရှိရင်းစွဲ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ပေးမယ့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြန်လည်ကျင်းပတဲ့ အမျိုးသား ညီလာခံကို တစ်ခဲနက် ထောက်ခံကြိုဆိုခဲ့ကြတယ်။

၁၉၆၂ခုနှစ်မှာ ဖက်ဒရယ်မူဆိုတာကိုတင်ပြီး ပြည်ထောင်စုမှ ခွဲထွက်ဖို့ လုပ်ကြံခဲ့တဲ့ ရှမ်းစော်ဘွားအနွယ် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးတဲ့အဖွဲ့က ၂၀၀၅ခုနှစ် ဧပြီလ ၁၇ရက်နေ့မှာ ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည် ယာယီအစိုးရဆိုသည့် အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာခဲ့သေးတယ်။ အဲဒီကြေညာတဲ့ လုပ်ဆောင်ချက်ဟာ ပြည်ထောင်စုကြီးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အလွန်အန္တရာယ် ကြီးမားတာမို့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပြည်သူတွေက ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြတယ်။ နိုင်ငံတော် အစိုးရက ပြည်ပြေး စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုကို မတရားအသင်းကြေညာခဲ့ရတယ်။

ဒါတွေဟာ အတိတ်ကို အတိတ်မှာပဲ ထားရစ်ခဲ့လို့ ရကောင်းတဲ့အကြောင်းခြင်းရာတွေ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ **အမျိုးသားညီလာခံကို အချိန်ကန့်သတ်ချက် (Time Frame) မရှိဘူးဆိုပြီး တစ်လျှောက်လုံး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်း ပြည်ပ အဖျက်သမားတွေဟာ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးပြန်တော့လည်း သူတို့ရဲ့ နိုင်ငံရေး ဝိသမလောဘကို အတောမသတ်နိုင်ခဲ့ပါဘူး။ အမျိုးသားညီလာခံကြီးက ညှိနှိုင်း ချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေဟာ ဘယ်လောက်ပဲ နိုင်ငံတော်နဲ့ ပြည်သူအတွက် ကောင်းကောင်း၊ သူတို့အတွက် မကောင်းဘူးလို့ အတင်းသတ်မှတ်ပြီး နိုင်ငံတော်နဲ့ပြည်သူရဲ့ အောင်မြင်မှုရလဒ်ဟူသမျှကို ပယ်ဖျက်ဆန့်ကျင်ချင်နေကြတာပဲဖြစ်တယ်။**

ဒါကြောင့်မို့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ တတိယအဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ဖွဲ့စည်းရေးဆွဲတာကိုလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်။ အမျိုးသားညီလာခံရဲ့ အောင်မြင်မှုရလဒ်ကို ပယ်ဖျက်ပြီး ခေတ်နောက်ပြန်ဆွဲဖို့ သုံးပွင့်ဆိုင်ဆွေးနွေးရေးဆိုတာကို ဝိုင်းအုံပြီး တောင်းဆိုခဲ့ကြပြန်တယ်။

ဒီလို လူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ တောင်းဆိုလိုလားချက်တိုင်းကိုသာ ခွင့်ပြုလိုက်လျောနေရမယ်ဆိုရင် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်ဟာ ဂျာအေးသူ့အမေရိုက်တဲ့ကိန်း ဆိုက်နေဦးမှာ သေချာပါတယ်။

ယခု **ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ရေးဆွဲအတည်ပြု ပြီးစီးခဲ့တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ အနာဂတ် နိုင်ငံတော်အတွက် ကာလဒေသ အခြေအနေအရ အကောင်းဆုံး အုတ်မြစ်ပဲဆိုတာ ပြည်သူတစ်ရပ်လုံးက လက်ခံယုံကြည်ထားကြပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံခဲ့တဲ့ မူတွေနဲ့ အသေးစိတ်အခြေခံထားတဲ့မူတွေကိုလည်း အမျိုးသားညီလာခံ ကျင်းပစဉ်ကာလ တစ်လျှောက်လုံးမှာ သတင်းစာမှာရော ရေဒီယို ရုပ်မြင်သံကြားမကျန် စာအုပ် စာစောင်များအထိ ထုတ်ပြန်၊ ထုတ်ဝေအသိပေး ချပြထားပြီးဖြစ်လို့ ပြည်သူလူထုအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် နှံ့စပ်သိမြင်လက်ခံနေကြပြီးလည်း ဖြစ်ပါတယ်။**

လက်ရှိအခြေအနေမှာ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အကောင်းဆုံး အခြေခံအုတ်မြစ်ဆိုတာကိုလည်း အားလုံး နားလည်သဘောပေါက်နေကြပါတယ်။ လာမယ့် ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာလည်း နိုင်ငံတော်နဲ့ ပြည်သူလူထုကို အကျိုးပြုမယ့် နိုင်ငံရေးပါတီတွေ ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့် ရရှိမယ်ဆိုတာ လက်ခံယုံကြည်ခဲ့ကြပြီး ဖြစ်ပါတယ်။

ဒါပေမယ့် အသိခေါက်ခက် အဝင်နက်ပြီး

- **နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို စောင့်ရှောက်ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊**
- **နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊**
- **နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူ သုံးစွဲသည့်အဖွဲ့အစည်းဝင် ဖြစ်သူ**

အဲဒီလူတွေ လာမယ့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှာ ဝင်ရောက်ရွေးချယ်ခွင့်ပြုရမယ်လို့ ပြည်တွင်း ပြည်ပ အဖျက်သမားတွေက BBC, VOA, RFA, DVB တို့ကတစ်ဆင့် ဘောတီးတောင်းဆို ထုတ်လွှင့်လာနေတာကြားနေရပြန်ပါတယ်။ ဘယ်လိုမှ မဖြစ်သင့် လက်မခံသင့်တဲ့ကိစ္စတွေပါ။

ဒါကြောင့်မို့ သည်မိုး သည်လေ သည်လူတွေ သည်လိုပုံနဲ့သာ စခန်းသွားနေကြဦးမယ်ဆိုရင် ရွှေပြည်တော် မျှော်တိုင်းဝေးဆိုတဲ့ ဇာတ်လမ်းလိုပဲ ဇာတ်ပေါင်းခန်း မရောက်မှာ မြင်ယောင်နေမိပါကြောင်း အားလုံးသုံးသပ်တွေးဆနိုင်ကြဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

စက်ခလုတ်နှိပ် ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း သုံးခွမြို့နယ် တကောရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သုံးခွမြို့နယ်ရှိ တကောရေထိန်းတံခါးဖွင့်ပွဲ ကျင်းပ မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးပြီး နွေစပါးနှင့် သီးနှံများ ရေချိုပေးသွင်းနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်း သုံးခွမြို့နယ် တကောကျေးရွာအနီးရှိ တကောရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်လိုက်သည့် ရေထိန်းတံခါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက်ပိုင်း တည်ဆောက်ပြီးစီးခဲ့သော ၂၀၈ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၈ ခုမြောက် ဆည်မြောင်းစီမံကိန်းလုပ်ငန်းဖြစ်ကြောင်း။

ရန်ကုန်တိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်(၃၀) ပတ်လည်၏ အရှေ့ဘက်ခြမ်းဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များရှိ စိုက်ပျိုးမြေဧရိယာများ ရေရရှိရေးအတွက် ပဲခူးရိုးမအရှေ့ဘက်ခြမ်းရှိ ရေလှောင်တမံများမှ ပိုလျှံရေများနှင့် အသစ်တည်ဆောက်မည့် ရေလှောင်တမံများမှ ရေများကို မိုးယွန်းကြီးအင်းမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းသို့ သွယ်ယူပြီး ယင်းမှတစ်ဆင့် ရန်ကုန်တိုင်း ခရမ်းချောင်းအထိ ရေသွယ်မြောင်းကြီးများ တူးဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမြောင်းကြီးများမှ သွယ်ယူရောက်ရှိလာမည့် ရေများကို တည်ဆောက်ပြီးဖြစ်သည့် ဆည်မချောင်းပေါ်ရှိ ရွှေလေ့ ရေထိန်းတံခါးနှင့် ခရမ်းချောင်းပေါ်ရှိ ခရမ်း ရေထိန်းတံခါးတို့ဖြင့် ထိန်းသိမ်းသိုလှောင်ထားပြီး ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၅၅၀၀၀ ခန့်ကို ရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် တကောရေထိန်းတံခါးကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်း စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြီးမြောက်အောင်မြင်သွားသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ထို့နောက် တကောရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းကို ရန်ကုန်တိုင်း သုံးခွမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား သုံးခွမြို့နယ်မှ ဒေါက်တာဦးမြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက တကောရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က မင်္ဂလာမုခ်ဦးရှေ့၌ တကောရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တကောရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တကောရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ရေထိန်းတံခါး၏ အကျိုးပြုမှုများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှဘော်က ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးထပ်စွမ်းအားမြင့်မားရေးကိစ္စများကို မှာကြားကြသည်။

တကောရေထိန်းတံခါးသည် တကောချောင်းပေါ်တွင် တည်ဆောက်ထားပြီး အကျယ် ခြောက်ပေ၊ အမြင့် ၁၆ ပေရှိသည့် ရေတံခါး ၂၁ ပေါက်ပါရှိသည်။ ကွန်ကရစ်ရေထုတ် ရေထိန်းတံခါးဖြစ်သည်။ ရေဝင်မြောင်းမကြီးသည် အလျား ၁၀၈၅ ပေရှိကာ ရေထွက်မြောင်းမကြီးသည် အလျားပေ ၅၀၀ ရှိသည်။ ရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် ရန်ကုန်တိုင်း သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်များ မိုးနှောင်းကာလတွင် ရေချိုသိုလှောင်ထိန်းသိမ်း၍ မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးရန်နှင့် ဆောင်းသီးနှံများအစိုဓာတ် ထိန်းသိမ်းပေးနိုင်ရန်၊ နွေရာသီတွင် နွေစပါးနှင့် အခြားသီးနှံများ ရေချိုပေးသွင်းနိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် ဒေသ၏စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက်သာမက လမ်းပန်းဆက်သွယ်ရေးကိုလည်း ပိုမိုအကျိုးပြုမည်ဖြစ်ပြီး ရေထိန်းတံခါး၏ အကျိုးပြုဧကမှာ ဧက ၁၅၀၀၀ ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

တကောရေထိန်းတံခါး

သုံးခွမြို့နယ် တကောရေထိန်းတံခါးကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကင်းမြို့နယ် အမက(၁)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာထွေး သုံးနှစ်ဆက်တိုက် ပထမဆုရ ဒုတိယတန်းမှ မောင်အောင်ကိုကိုအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါသည် ဖေဖော်ဝါရီ ၂၀ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် သာသနာ့ပါလဆွမ်းလောင်းအသင်းက ကြီးမှူးဆောင်ရွက်သော မြို့ပေါ်စာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်အပါး ၅၀၀ တို့အား အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် စိတ္တပါလဂူကျောင်းစာသင်တိုက်ရှိ သံဃာတော်အပါး ၂၅၀နှင့် သီလရှင်၊ ယောဂီတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် အနန္တမေတ္တာစေတီတော်၌ကျင်းပသော ဗုဒ္ဓပူဇနိယပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုကာ မြို့ပေါ်ရှိကျောင်းများမှ သံဃာတော်အပါး၅၀တို့အား အရုဏ်ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ခပေါင်းကုန်း၊ တံခွန်တိုင်နှင့် ဆင်ခေါင်းကျေးရွာများသို့ရောက်ရှိပြီး တံခွန်တိုင်ရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သက်ဆိုင်ရာကျေးရွာများမှ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားပြီး မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ်ရှိ တံခွန်တိုင်ဆည်နှင့် ကြက်မောက်တောင်ဆည် ရေသောက်လယ်မြေများ၌ နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာတို့မှ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံမှာကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီးမောင်ပါသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး ဗဟိုအလုပ်အမှုဆောင်သည် ကျောက်ပန်းတောင်းမြို့နယ် သာသနာ့ပါလဆွမ်းလောင်းအသင်း ဓမ္မာရုံသို့ သွားရောက်၍ အသင်းအမှုဆောင်များနှင့် တွေ့ဆုံကာ အသင်း၏ ဘာသာရေး၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သာသနိက အဆောက်အအုံများ ရေစက်ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော အရှင်ပဏ္ဍာဝံသ (မိဂလုံ)ဆရာတော်နှင့် ဖခမည်းတော် ဦးဂန္ဓမာအား အမှူးပြု၍ ရဟန်းရှင်လူ ခုနစ်ရက် သား၊ သမီးများနှင့် ဓမ္မရောင်ခြည် သဲအင်းဂူယောဂီများ လှူဒါန်းထားသော သာသနိကအဆောက်အအုံများ လှူဒါန်းမှုအစုစုအတွက်(၁၃၆၉ခု၊ တပို့တွဲလပြည့် ကျော် ၁၄ရက်) မတ် ၆ရက် (ကြာသပတေးနေ့)နံနက် ၉နာရီမှ ၁၀နာရီအထိ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် အလှူရှင်၊ အလှူ့အမများနှင့်တကွ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်း ကြွရောက် သာဓုအနုမောဒနာပြုနိုင်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ကျိုက်ဒေးယျုံဆရာတော် တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ ဓမ္မကထိက ဗဟုဇနဟိတဓရသည် ခရမ်းမြို့ သကျမာရဇိန်ဘုရားကြီး သာသနာ့ဗိမာန်၌ သာသနဟိတအသင်း အထူးတရားပွဲအဖြစ် မတ် ၃ ရက် ညတွင် ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ ကလေးတရားစခန်း သင်္ကြန်တရားစခန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ငွေပေါ်ကျွန်း (ဗုဒ္ဓတစ်ထောင်သာသနာပြု) ကြွေးကင်း ရန်ပြေအောင်ပေါင်းစုဘုရားဝင်း (၁ ရပ်ကွက် ဝေဘာဂီမြို့သစ် မြောက်ဥက္ကလာပမြို့နယ်)၌ ရွှေတဂူဆရာတော် အရှင်စန္ဒသူရိယ မဟာဒွိထွင်ခေါင် (စွယ်စုံ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက)က ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် ကလေးတရားစခန်းပွဲကို မတ် ၁ရက်မှ ဧပြီ ၆ ရက်အထိ သင်ကြားပေးမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများ ကြိုတင်စာရင်းပေးသွင်းရမည်။ သင်္ကြန်တရားစခန်းပွဲရက်များကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ၊ ဧပြီ ၁၈ ရက်မှ ၂၂ ရက်အထိ တရားစခန်းဖွင့်မည်။ ရှင်ပြုရဟန်းမခံဖူးသူများကို ဦးစားပေးမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ တစ်ရက်ကြိုတင်ရောက်ရှိရမည်ဖြစ်ပြီးဦးငွေဟိန်း ကြွေးကင်းရန်ပြေ အောင်ပေါင်းစုဘုရားဝင်း ငွေပေါ်ကျွန်း ၁ ရပ်ကွက် အနော်ရထာလမ်းမ ဝေဘာဂီမြို့သစ် မြောက်ဥက္ကလာပ ဖုန်း-(တစ်ဆင့်) ၇၂၂၁၈၁၊ ဒေါ်မြင့်မြင့်မော် ဝေဘာဂီမြို့သစ် မြောက်ဥက္ကလာပ ဖုန်း-၆၉၀၁၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

သား မောင်ရာဇာလင်း First M.B ဆေးတက္ကသိုလ်(၂) (၂၀၀၅) အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၁)လမ်းနေ ဦးအေးကျော်-ဒေါ်အေးအေးမြင့် တို့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများ ပရဟိတ(ကျား)ကျောင်းသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းရာ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။
(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဇမ္ဗူအေးတိုက် သဒ္ဓမ္မဝါစီဟသ်ာတ ပရိယတ္တိစာသင်တိုက် သုံးထပ်ဆောင် ပြန်လည်ဆောက်လုပ်ရန် မုံရွာဆရာမိုး-(ဒေါ်သိန်းမီ)နှင့် သား ဗိုလ်ကြီး ကျော်ကိုကိုရှိန်း၊ သမီး မပြည့်ပြည့်ဖြိုး "မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး မိသားစု" တို့က ကျပ်သိန်း ၂၀ ကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာသီရိသို့ ဖေဖော်ဝါရီ ၁၇ ရက်က မတည်လှူဒါန်းရာ သာသနာနုဂ္ဂဟ သဟပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူး ဦးခင်ဇော် တို့ လက်ခံယူစဉ်။ (၆၇)

ဖျာပုံ အလက(၁) အာစရိယပူဇော်မည်

ဖျာပုံ ဖေဖော်ဝါရီ ၂၇

ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း (ယခင်ရပ်တိတ်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက်တွင် အလက(၁)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို အလက(၁)ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး ဖုန်း-၀၄၅-၄၀၁၀၂၊ ဦးတိတ် ဖုန်း-၀၄၅-၄၀၀၇၄၊ ဦးသန့်ဇင်-ဒေါ်ခင်မာစိန်၊ ဒေါ်စောလှမြင့် ဖုန်း-၀၄၅-၄၀၂၇၄၊ ရန်ကုန်မြို့တွင် ဦးဝင်းထွဋ် ဖုန်း-၀၁-၅၃၇၀၇၄၊ ဦးစိုးနိုင်-ဒေါ်ထားထားမျိုး ဖုန်း-၀၁-၂၇၃၀၃၆၊ မသစ်သစ်ဦး ဖုန်း-၀၁-၂၂၁၆၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

အရှိန်ပြင်းသည့်ကားက ဆိုက်ကားကို နောက်မှဝင်တိုက် ဆိုက်ကားစီးသူတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာများရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ပြည်တော်အေးလမ်း အမှတ်(၆၇)နေ ဒေါ်မြသောင်း (၅၈) နှစ်သည် ၎င်းလမ်း အမှတ်(၆၄)နေ မဇာဇာ(၁၈)နှစ်နှင့်အတူ ဖေဖော်ဝါရီ ၂၆ရက် ညပိုင်း၌ ကျိုက္ကစံဘုရားပွဲ၌ ဝေယျာဝစ္စများ ပြုလုပ်ပြီး နေအိမ်သို့ ဆိုက်ကားစီး၍ လေးဒေါင့်ကန်လမ်းမကြီးအတိုင်း ပြန်လာစဉ် ည ၁၀ နာရီကျော် ဘဝမြင့် ကားမှတ်တိုင်အလွန် ကျောက်စိမ်း လက်ဖက်ရည်ဆိုင်ရှေ့အရောက်တွင် နောက်ဘက်မှ ကားမီးပိတ်ပြီး အရှိန်ပြင်းစွာ မောင်းနှင်လာသော ပစ်ကပ်ကား အဖြူရောင်တစ်စီးက ဆိုက်ကားကို နောက်ဘက်မှ တိုက်မိခဲ့ရာ ကား၏ ဘန်ပါတစ်ခြမ်း ပြုတ်ကျကျန်ခဲ့သည်။ အတိုက်ခံရသူသုံးဦးစလုံး ဒဏ်ရာများ ပြင်းထန်စွာရရှိ၍ ဆိုက်ကားမှာ လုံးဝပျက်စီးသွားပြီး ဒေါ်မြသောင်းမှာ ဦးခေါင်းဒဏ်ရာ ပြင်းထန်စွာရရှိ၍ စံပြဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ယင်းနေ့ ည ၁၁နာရီ ၁၅မိနစ်တွင် သေဆုံးသွားသည်။

ဆိုက်ကားနောက်မှ လိုက်ပါစီးနင်းသူ မဇာဇာနှင့် ဆိုက်ကားနင်းသူတို့မှာလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်မှုစစ်က အရေးယူ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၆)

ယာဉ်နောက်လိုက်နှင့် ခရီးသည် ခိုက်ရန်ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၆ရက် ညနေ ၅နာရီတွင် ကျော်ဝင်းစိန် (၁၃)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) နေသူနှင့် သူငယ်ချင်းဖြစ်သူ မောင်ဌေး (၁၃) ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေသူတို့နှစ်ဦးသည် ဒဂုံတောင်ရုံးရှေ့ ကားမှတ်တိုင်မှ မထသ (၁၆၁)လိုင်း၊ ၃ခ/၃၄၁၆ ဒိုင်နာယာဉ်စီး၍ ပြန်လာစဉ် ကားပေါ်တွင် သူငယ်ချင်း မောင်ဌေးနှင့် ယာဉ်နောက်လိုက် မိုးကျော်ထွန်းတို့ စကားများပြီး မှတ်တိုင်အရောက် ကားပေါ်မှ ဆင်းရာ ယာဉ်နောက်လိုက် မိုးကျော်ထွန်းက ခြေထောက်ဖြင့် ကန်သဖြင့် မောင်ဌေးမှာ လမ်းပေါ်သို့ လဲကျပြီး မျက်နှာဝဲဘက်ခြမ်း ပွန်းပဲ့ ဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာများ ရရှိသဖြင့် သဃ်န်းကျွန်း စံပြဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသခဲ့ရသည်။

ယာဉ်နောက်လိုက် မိုးကျော်ထွန်း (၁၀၇)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေသူအား ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရဲခန်းမှ (ပ) ၆၃/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၂၅ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုခင်းနှင့် မီးသတင်း

မြောက်ဥက္ကလာပ (၁)ရပ်ကွက်တွင် နေအိမ်နှစ်လုံး မီးလောင်ကျွမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုမိတ္တာ(၂၄)လမ်း အမှတ်(၉၁၈)ရှိ ဦးကံညွန့်(၅၆)နှစ် (ဘ) ဦးတင်အောင်၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၆ရက် ညနေ ၅ နာရီ ၁၅မိနစ်ခန့်က လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ်ငါးစီး၊ မီးသတ်ယာဉ် အစီး ၃၀ လာရောက် ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဦးကံညွန့် နေအိမ်ပါ အိမ်နှစ်လုံး မီးလောင်ပျက်စီးခဲ့သည်။ မြောက်ဥက္ကလာပရဲစခန်းက ဦးကံညွန့်အပေါ် (ပ)သတင်းချက် အမှတ် ၂၄၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခါးပိုက်နှိုက်ပြီး ထွက်ပြေးသူအား ရဲတပ်ဖွဲ့လှည့်ကင်းအဖွဲ့မှ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် စမ်းချောင်းမြို့နယ်နေ ဒေါ်ဌေးဌေးဝင်းသည် ရန်ကုန်-အင်းစိန်လမ်းမပေါ် ဘာတာမှတ်တိုင်မှ (၄၃)လိုင်း အဲယားကွန်းယာဉ်အား စီးနင်းခဲ့ရာ မရမ်းကုန်းမြို့နယ် ရဲရန်အောင် မှတ်တိုင်အရောက် ၎င်းလွယ်ထားသောအိတ်မှာ ဇစ်ပွင့်နေပြီး အိတ်အတွင်းမှ ငွေကျပ် ၆၀၀၀၀ မှာ ပျောက်ဆုံးနေကြောင်း တွေ့ရသဖြင့် အကူအညီတောင်းခံခဲ့ရာ ခါးပိုက်နှိုက်နှစ်ဦးမှာ ကားပေါ်မှဆင်းပြေးသဖြင့် ဘုရင့်နောင်ရဲစခန်းမှ လှည့်ကင်းတာဝန်ကျတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးရာ ခါးပိုက်နှိုက်သူ မောင်ဝင်း (၇၀)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူနှင့် အောင်ပြည့်စုံ (၁၃၃) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူတို့အား ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ မောင်ဝင်းနှင့် အောင်ပြည့်စုံတို့အား ဘုရင့်နောင်ရဲစခန်းမှ (ပ) ၂၁၇/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉(နှိုက်)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်ခင်မူတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၉ရက်က မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရုံးသို့ သွားရောက်ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံကာ ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ (၁၇)နှစ်မြောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် ဧရာဝတီတိုင်း လက်ထောက် ညွှန်ကြားရေးမှူး ဦးငွေထွန်းတို့က ထပ်ဆင့်ရှင်းလင်းပြီး မွန်းလွဲပိုင်းတွင် လမ်းသမိုင်ရွာကြီးကျေးရွာရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေး၍ စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ခရိုင်ပြန်/ဆက်)

စာပေဟောပြောပွဲ ရွှေတောင်မြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်း ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရွှေတောင်မြို့ လယ်တီပိဋကတ်တော်စာကြည့်တိုက် ကော်မတီ၏ ဦးဆောင်မှုဖြင့်ရွှေတောင်မြို့ လယ်တီပိဋကတ်တော် စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၂၃ရက်တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ကျင်းပရာ ရန်ကုန်မြို့မှ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)၊ စာရေးဆရာမောင်သာချို(ခ)ဂျက်-ကွမ်းခြံကုန်း၊ ဆရာဝန် စာရေးဆရာကျော်သက်ခိုင်(ဆေးတက္ကသိုလ်)၊ လူငယ်စာရေးဆရာ မောင်လှမျိုး (ချင်းချောင်းခြံ) တို့က စာပေအနုပညာရေးရာများ ဟောပြောခဲ့ကြကြောင်းသိရသည်။ အခမ်းအနားမစတင်မီ ရွှေတောင်မြို့ လယ်တီပိဋကတ်တော် စာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သောစာအုပ်များကို စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အမှတ် (၁၆)အခြေခံပညာ မူလတန်းလွန်ကျောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ စတုတ္ထတန်း ပထမဆုရ မထက်ထက်ဝင်းထိန် ဆုယူစဉ်။
(ပညာရေး)



ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ကျင်းပသည့် ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက် စာချုပ် ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင် အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင် ကိုးရွှေနှင့် China Power Investment Corporation (CPI) မှ Vice President, Mdm. Zhang Xiaolu တို့ ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခြင်းဆိုင်ရာ ကန်ထရိုက် စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် အဖွဲ့ဝင်များသည် မြို့ကြီး ကင်းရေလွှဲဆည်သို့ ရောက်ရှိကြပြီး ပင်မတူးမြောင်းမကြီးကို စက်ယန္တရားများဖြင့် တူးဖော်နေမှုနှင့် ရေလွှဲဆည် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက အကြို တည်ဆောက်မှုလုပ်ငန်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖